မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၅၂)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂၅-၁၁-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် သမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီးဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ ဖတ်စရာ အညွှန်း

စပိန်လာလီဂါပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးရရှိသည့် နည်းပြအဖြစ် ဆီမြွန်နီ မှတ်တမ်းဝင်

စာမျက်နှာ ၁၁

မောင်းသူမဲ့ ယာဉ်များ အကြောင်း တစေ့ တစောင်း(ဆောင်းပါး)

စာမျက်နှာ ၁၄

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၄

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

Coffee Expo Seoul 2027 တွင် မြန်မာနိုင်ငံကို တရားဝင် ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်

ဆိုးလ် နိုဝင်ဘာ ၂၄

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ COEX ပြပွဲခန်းမ၌ ၂၀၂၇ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ကျင်းပသွားမည့် Coffee Expo Seoul 2027 တွင် မြန်မာနိုင်ငံကို တရားဝင်ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံ (Official Guest Country of Honor)အဖြစ် ရွေးချယ်ကြောင်း ပြပွဲကျင်းပရေးအဖွဲ့က နိုဝင်ဘာ ၁၇ ရက်တွင် မြန်မာသံရုံး ဆိုးလ်မြို့သို့ တရားဝင်အကြောင်းကြားလာကြောင်း အဆိုပါသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ထူးခြားထင်ရှားခဲ့

ယင်းထုတ်ပြန်ချက်၌ Coffee Expo Seoul 2027 Secretariat ၏ အကြောင်းကြားစာတွင် မြန်မာနိုင်ငံ၏အဆိုပြုလွှာသည် မြန်မာ့ကော်ဖီ ယဉ်ကျေးမှုကို မြှင့်တင်ဖော်ထုတ်ရန်နှင့် ကိုရီးယားနိုင်ငံတွင် စီးပွားရေး မိတ်ဖက်ဆက်ဆံမှုအသစ်များ တည်ဆောက်ရန် ခိုင်မာသောရည်မှန်းချက်နှင့် ကြိုးပမ်းအားထုတ်မှုများ ပါဝင်သည့်အတွက် ထူးခြားထင်ရှားခဲ့ကြောင်း၊

စာမျက်နှာ ၉ သို့ ✦

ကျိုင်းတုံမြို့နယ် ဝမ်ဆာကျေးရွာကို လူထုအခြေပြုခရီးသွားလုပ်ငန်း အထောက်အကူပြုကျေးရွာအဖြစ် တိုးချဲ့ဆောင်ရွက်မည်



ပြည်တွင်းခရီးသွားများ အများဆုံးလာရောက်လည်ပတ်ရာ ဘဝသံသရာတံတားကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်တွင် လူထုအခြေပြု ခရီးသွားလုပ်ငန်း အထောက်အကူပြု ကျေးရွာ ၁၈ ရွာအား အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ကျိုင်းတုံမြို့နယ်ရှိ ဝမ်ဆာကျေးရွာကို လူထုအခြေပြု ခရီးသွားလုပ်ငန်း အထောက်အကူပြုကျေးရွာအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၉ သို့ ✪

၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာ ၂၅ ရက် ၊ ဗုဒ္ဓဟူးနေ့။

ဆောင်းရာသီသဘာဝအလှတရားများ

ဆောင်းရာသီ၏ စေတမန်က နှင်းဆောင်း၏ အဖော်မွန်၊ မြောက်ပြန်လေအေးအေးပင်ဖြစ်သည်။ မြူနှင်းများကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံးဝိုးတဝါးဖြစ်ရသည်။ ငွေရောင်အဆင်းရှိသော နှင်းရည်များကလည်း တစ်စက်ချင်းကျနေသည်မှာ လောကကြီးတစ်ခုလုံး အေးချမ်းလျက်ရှိသည်။ ဆောင်းရာသီ၏ ဂီတသံဖြစ်သော ဆီးနှင်းသံတစ်ဖြောက်ဖြောက်ကလည်း နားဝင်ချိုလှသည်။ ဆောင်းရာသီသည် သာယာလှပသော ပန်းချီကားချပ်သဖွယ် ရှုမငြီးဖြစ်ရလေသည်။ ထို့ပြင်ဆောင်းရာသီတွင် မြစ်ပြင်ကျယ်များ၌ မြူမှုန်လွှာပါးပါးလေးဖြင့် လွှမ်းခံနေသည့်မြင်ကွင်းကလည်း အမြင်တစ်မျိုးဆန်းကျယ်လျက်ရှိသည်။ မြစ်ပြင်တစ်ဝိုက်တွင်လည်း အရဏ်ဦး၏ လေနအေးက လှိုင်းကြက်ခွပ်များသဖွယ် ဖြစ်ပေါ်လျက်ရှိသည်။ မြစ်ပြင်ကို အဝေးမှကြည့်လိုက်လျှင် ရေပြင်ကျယ်နှင့်မြူနှင်းတို့၏ အားပြိုင်နေမှုက အမြင်ကိုသဲကွဲစွာ မတွေ့ရပါ။ ရေပြင်တွင် လှိုင်းကလေးများ ကခုန်ကာ ပျောက်သွားလိုက် ပေါ်လာလိုက်ဖြင့် နှစ်သက်စဖွယ်ဖြစ်နေသည်။ အမြင်အာရုံထူးလှသည့် ဆောင်းရာသီ၏ သဘာဝအလှတရားပင်ဖြစ်သည်။ ဆောင်းရာသီ၌ လယ်ကွင်းများကိုကြည့်လိုက်လျှင် စပါးရွှေဝါတို့ ဝေဖြာမှည့်ဝင်းနေကြသည့် အမြင်က ရိုးအီသွားခြင်းမရှိပါ။ အချိုရိတ်သိမ်းပြီးစ ကောက်ပုံလေးများကလည်း လယ်ကွင်းပြင်၌ ရွှေတောင်ကြီးပေါက်သကဲ့သို့ မို့မောက်လျက်ရှိသည်။

ဆောင်းရာသီတွင် သဇင်ပန်း၊ ပေါက်လဲပန်း၊ ခဝဲပန်း၊ ခွာညိုပန်းစသော ရာသီပန်းတို့ကလည်း နှင်းရည်များကိုသောက်သုံးကာ ပွင့်လန်းလျက်ရှိသည်။ တော်ဝင်ပန်းဖြစ်သော သဇင်ပန်းသည် ဆောင်းရာသီ၏ ကျက်သရေကို တင့်တယ်ဝေဆာလျက်ရှိသည်။ ဆောင်းရာသီသည် တန်ဆောင်မုန်းမှ တပို့တွဲအထိ ကာလဖြစ်သည်။ အတိအကျဆိုပါက တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပို့တွဲလပြည့်နေ့အထိဖြစ်သည်။ ဆောင်းရာသီ၏ အလှဆုံးလမှာ ပြာသိုလပင်ဖြစ်သည်။ ပြာသိုလတွင် ရှေးက မြင်းခင်းသဘင်ပွဲများကို ကျင်းပခဲ့ကြသည်။ ဆောင်းရာသီ၌ ကျင်းပလေ့ရှိသော ထမနဲထိုးပွဲများကိုလည်း ယနေ့တိုင်တွေ့နိုင်သေးသည်။ မြန်မာတို့၏ စုပေါင်းဆောင်ရွက်လိုသော စည်းလုံးညီညာသည့် စိတ်အခြေခံကောင်းများကို ပြသနေသည့် ပွဲဟုလည်းဆိုရမည်ဖြစ်သည်။ ဆောင်းရာသီတွင် အားကစားအထောက်အကူပစ္စည်းလည်းမလို၊ ခက်ခက်ခဲခဲလေ့ကျင့်ရန်လည်းမလို၍ ငွေကုန်ကြေးကျသက်သာပြီး လူစုလူဝေးဖြင့် စုပေါင်းလူပ်ရှားနိုင်သည့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လူပ်ရှားမှုများကို ပြုလုပ်နေကြခြင်းသည် ဆောင်းရာသီ၏ အလှတရားများဖြစ်သည်။

ဆောင်းရာသီအလှတရားများထဲတွင် ဒီဇင်ဘာလ မြူနှင်းမှုန်များကြားတွင် လမ်းလျှောက်ရသည်မှာလည်း အလွန်ပျော်စရာကောင်းလှသည်။ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသော လှုံ့ဆော်သံများသည် တစ်နိုင်လုံးပြန့်လွင့်လျက်ရှိသည်။ ကျန်းမာရေးအတွက် နှစ်သက်ဖွယ်ကောင်းသော ဆောင်းရာသီပင်ဖြစ်သည်။ နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလူပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။ သို့ဖြစ်ရာ ဆောင်းရာသီ၏ သဘာဝအလှတရားများသည် လူသားတို့အတွက် ခေတ်အဆက်ဆက် မရိုးနိုင်သောအလှများအဖြစ် ထာဝရတည်ရှိနေမည်သာဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထားစောင့်ရှောက်မြှင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ကျောက်ပန်းတောင်းမြို့ပေါ်ရှိ ဘုရားပူးပြည်သူများ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူသူများ၊ စတုဒိသာအလှူများဖြင့် စည်ကား

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ သာမညဖလ အခါတော်နေ့ဖြစ်သည့် တန်ဆောင်မုန်းလပြည့်ညတွင် မြို့ပေါ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ဓမ္မစကြာရွတ်ဖတ်ခြင်းများနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

မြို့ပေါ်ရှိ အထင်ကရဘုရားစေတီများဖြစ်သည့် မြို့ဦးအောင်စေတီဘုရား၊ ဆုတောင်းပြည့် မဟာစေတီကြီးဘုရား၊ ကုန်းတော်ကြီးမင်္ဂလာစေတီဘုရား၊ မြတ်ရွှေဂူဘုရားနှင့် သက်တော်ရ၊ သက်တော်ရှည် ဘုရားစေတီများတွင် ဘုရားဂေါပက အဖွဲ့များ၊ ဓမ္မစကြာဝတ်အသင်းများ၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ ဓမ္မစကြာရွတ်ဖတ်ခြင်းများနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားစေတီတိုင်းတွင် ဆေးဖက်ဝင် မယ်ဇလီဖူးသုပ်များ စတုဒိသာကျွေးမွေးခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူသည့် ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိပြီး ကုန်းတော်ကြီးမင်္ဂလာစေတီဘုရားတွင် ဆီမီးတစ်ထောင် ကပ်လှူပူဇော်ခြင်းဖြင့် စည်ကားလျက်ရှိကာ မြို့ပေါ်လမ်းမများတွင်လည်း ငွေနှင့် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ကုန်များ စွန့်ကြဲပေးကမ်း အလှူဒါနပြုလုပ်ကြသူများ၊ ပျော်ပွဲရွင်ပွဲအဖြစ် လှည့်လည်အလှူခံကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

(၄၅၆)

၀-၀-၀-၀-၀-၀
၀-၀-၀-၀

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily-newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

တန်ဆောင်မုန်းလပြည့်နေ့ လာရောက်လည်ပတ်သူ၊ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် စည်ကားလျက်ရှိ

ပြင်ဦးလွင် နိုဝင်ဘာ ၂၄

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နိုဝင်ဘာ ၂၄ရက်၊ တန်ဆောင်မုန်းလပြည့် အခါသမယနေ့တွင် ပြင်ဦးလွင်မြို့နယ်ရှိ ထင်ရှားကျော်ကြားသော ဘုရားစေတီများနှင့် အထင်ကရနေရာများ၌ တန်ဆောင်မုန်းလပြည့်နေ့ လာရောက်လည်ပတ်သူ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများနှင့် စည်ကားလျက်ရှိသည်။



ပြင်ဦးလွင်မြို့နယ်တွင် တည်ထားကိုးကွယ်သော ဆုတောင်းပြည့်ဘုရားများဖြစ်သည့် မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးနှင့် နှီးဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများအနေဖြင့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် အထင်ကရနေရာများဖြစ်သည့် ကန်တော်ကြီး၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင်ရေတံခွန်၊ ဓာတ်တော်ချိုင့်ရေတံခွန်၊ ဒီဇင်ဘာခြံနှင့် ထင်းရှူးတောအစရှိသည့် နေရာများတွင်လည်း ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ညပိုင်းအချိန်တွင်လည်း မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၌ မီးပုံးပျံလွှတ်တင်ခြင်းနှင့် နန်းမြိုင်၊ တိုင်းရင်းသားကျေးရွာ၊ ကျောက်တိုင်ကွင်း စသည့်နေရာများတွင်လည်း နာမည်ကြီးအဆိုတော်များက သီဆိုဖျော်ဖြေဧည့်ခံခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
ခရိုင်(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း ၀၉-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက နမောတဿအစချီ၍ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများ ပူဇော်ကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၄

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၆ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ ဦးညိုစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံသရဏံဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္တီ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် သာသနာရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြု ရက်ကန်းစင်တော်များမှ ရက်လုပ်ပူဇော်ထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ ဆက်ကပ် ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော်ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရှိ၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်းတော်များအား ဥပါသကာများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ဆက်ကပ်ပူဇော်သည်။

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက နမောတဿအစချီ၍ ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။





ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး သမ္မာဒေဝနတ်ကောင်း နတ်မြတ်များနှင့် သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်း ရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန်အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်သည်။ မသိုးသင်္ကန်း ရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို နှစ်စဉ်နိုင်ငံတစ်ဝန်းအမြို့မြို့ အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရှိ၍ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းစဉ်။



သာသနာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ရောက်ရှိကြရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် သံတမန်များက ဆီမီးများ အတူတကွ ထွန်းညှိပူဇော်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သဒ္ဓါဓိပတိခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်နားပန် မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြီး မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံတမန်များနှင့်အတူ မီးပုံးပျံငယ်များကို အတူတကွလွှတ်တင်ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် HAPPY TAZAUNGDAING Diplomatic CORPS စာတန်းရေးထိုးချိတ်ဆွဲထားရှိသည့် စိန်နားပန် မီးပုံးပျံအား နိုင်ငံတကာသံတမန်များက မီးပုံးပျံအဖွဲ့သားများနှင့် အတူ ဝေဟင်ထက်သို့ လှပစွာဖြင့် ဂုဏ်ပြုလွှတ်တင်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများနှင့် နိုင်ငံတကာသံတမန်များသည် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကအလှများ၊ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး နိုင်ငံတကာ သံတမန်များက ယဉ်ကျေးမှုအဖွဲ့များနှင့် အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွဲခဲ့ကြသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးတို့က ညမီးကြီး (ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှုအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု၊ စက္ခုပသာဒအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်သင်္ကန်းအား ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု၊ မီးပုံးပျံအတက် စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချုပ်ရိုးချုပ်သား အကောင်းဆုံးဆုရရှိသည့် အသင်းများအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ သို့ ☆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ၊ သံတမန်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီးထွန်းညှိ ပူဇော်စဉ်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံလွှတ်တင်မှုနှင့် ညမီးကြိုးမီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးစဉ်။

☆ စာမျက်နှာ ၄ မှ

ထို့နောက်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဌေးက ညမီးကြိုး (ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတို့တွင် မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှုအကောင်းဆုံးဆုရရှိသည့် အသင်းတို့အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်ရိုက မှိုင်းခံစံချိန်အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှုအကောင်းဆုံးဆုရရှိသည့် အသင်းတို့အား လည်းကောင်း ဒုတိယသမ္မတ ဒေါ်နန်းခိုခိုအေးက ညမီးကြိုး(ညမီးကျည်)၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများအား လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နိုင်ငံတကာသံတမန်များနှင့်အတူ မီးပုံးပျံငယ်များကို အတူတကွ လွှတ်တင်ကြစဉ်။

ယင်းနောက် ဒုတိယသမ္မတ ဦးညီညီစောကညမီးကြိုး(ညမီးကျည်) မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ဒဏ် ရက်ကန်းစင်တော် အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ညမီးကြိုး(ညမီးကျည်) မီးပုံးပျံ လွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်ကိုယ်စားပြု တောင်ဇလပ် ရက်ကန်းစင် အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများပစ်ဖောက်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စု နယ်မြေနေပြည်တော် ဒကွိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲကို နှစ်စဉ်ညီကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်တွင်ကျင်းပပြုလုပ်လျက်ရှိသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြိုးနှင့် စိန်နားပန်မီးပုံးပျံကြိုးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသ ရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်ကိုယ်စားပြု တောင်ဇလပ်ရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးညီစော ညီမီးကြီး (ညီမီးကျည်) မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

ဒုတိယသမ္မတ ဒေါ်နုနုဦးအေးမသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရှင်စောပုရက်ကန်းစင်အသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် မှိုင်းခံစံချိန်အကောင်းဆုံးဆုရရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် အတက်စံချိန်အကောင်းဆုံးဆုရရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ညီမီးကြီး (ညီမီးကျည်)၊ မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် မီးပုံးပျံအတက် အကောင်းဆုံးဆုရရှိသည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်
မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ညမီးကြီး(ညမီးကျည်မီးပုံးပျံ) ဆုရစာရင်း

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	မီးပုံးပျံအမည်	ဆုအမျိုးအစား
၁။	နယ်စပ်ရေးရာဝန်ကြီးဌာန	သာယာရွှေပြည်	ပထမ
၂။	လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	လမင်းထိန်သာ ပြည်မြန်မာ	ဒုတိယ
၃။	ပြန်ကြားရေးဝန်ကြီးဌာန	ပြန်ကြားအားမာန် မိုးထက်ယံ	တတိယ
၄။	ကာကွယ်ရေးဝန်ကြီးဌာန	အောင်တံခွန်	မှိုင်းခံစံချိန်အကောင်းဆုံးဆု
၅။	လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန	ပဘာဝတီ	မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု
၆။	ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	မြန်မာမောင်	အတက်စံချိန်အကောင်းဆုံးဆု
၇။	ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန	ပြည်လုံးချမ်းသာ	မီးပုံးပျံအတက်အကောင်းဆုံးဆု
၈။	ဆောက်လုပ်ရေးဝန်ကြီးဌာန	ဝိသကြို	ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု
၉။	သယ်ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	စိမ်းလန်းမြေ	စက္ခုပသာဒအကောင်းဆုံးဆု
၁၀။	စက်မှုနှင့် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန	စက်မှုအားမာန်	စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်
မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ(စိန်နားပန်မီးပုံးပျံ) ဆုရစာရင်း

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	မီးပုံးပျံအမည်	ဆုအမျိုးအစား
၁။	ဥပဒေရေးရာဝန်ကြီးဌာန	မိုလာ	ပထမ
၂။	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	လူကယ်ပြန်	ဒုတိယ
၃။	ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန	စွဲမက်ဖွယ်ရာပြည်မြန်မာ	တတိယ
၄။	တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန	ပြည်ထောင်စု တိုင်းရင်းသား	မှိုင်းခံစံချိန်အကောင်းဆုံးဆု
၅။	အားကစားရေးရာဝန်ကြီးဌာန	ပြည့်ဂုဏ်ဆောင်	မီးပုံးပျံပုံသဏ္ဌာန်အလှပဆုံးဆု
၆။	မြန်မာနိုင်ငံတော်ဗဟိုဘဏ်	အာသာဝတီ	အတက်စံချိန်အကောင်းဆုံးဆု
၇။	ပညာရေးဝန်ကြီးဌာန	မြတ်ပညာ	မီးပုံးပျံအတက်အကောင်းဆုံးဆု
၈။	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	မောဘရဏီ	ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု
၉။	ကျန်းမာရေးဝန်ကြီးဌာန	အာရောဂျ	စက္ခုပသာဒအကောင်းဆုံးဆု
၁၀။	နိုင်ငံခြားရေးဝန်ကြီးဌာန	သားကောင်းတမန်	စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆု

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၆ ခုနှစ်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်
မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုရစာရင်း

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	စင်တော်အမည်	ဆုအမျိုးအစား
၁	ချင်း	တောင်ဇလပ်	ပထမဆု
၂	ရခိုက္ခ	တော်ဝင်ဒဂုံ	ဒုတိယဆု
၃	ပဲခူး	ရှင်စောပု	တတိယဆု
၄	နေပြည်တော်	တော်ဝင်ရွှေပြည်	အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှုအကောင်းဆုံးဆု
၅	ရခိုင်	ပိုးဝါသူ	အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သားတည်ဆောက်မှု အကောင်းဆုံးဆု
၆	မန္တလေး	အမရရွှေပြည်	အဖွဲ့လိုက်ချုပ်ရိုးချုပ်သား အကောင်းဆုံးဆု
၇	မကွေး	စိန်ရတီ	အဖွဲ့လိုက်ချိတ်ဆက်ယှဉ်ပြိုင်မှုအကောင်းဆုံးဆု
၈	ကရင်	ခွဲကပင်	အဖွဲ့လိုက်ဝတ်စားဆင်ယင်မှုအကောင်းဆုံးဆု
၉	ဧရာဝတီ	ရွှေပြည်ဧရာ	အဖွဲ့လိုက်သင်္ကန်းအား ကြည်ညိုဖွယ်ရာဖြစ်အောင် ဖန်တီးမှုအကောင်းဆုံးဆု
၁၀	ကချင်	မနောမြေ	အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု

တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုရန်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၄

တန်ဆောင်မုန်းလသည် လောကတစ်ခွင် ကြည်လင်ထွန်းပပြီး ဥတုသပ္ပာယမျှတသည့် မွေ့လျော်ဖွယ်ကောင်းသောလဖြစ်ပြီး ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ၏ ကောင်းမြတ်သော ယဉ်ကျေးမှုအစဉ်အလာကောင်းများ ဖြစ်သော ကထိန်သင်္ကန်း စုပေါင်းဆက်ကပ်လှူဒါန်းခြင်း၊ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးတန်ဆောင်းများ ထွန်းညှိပူဇော်ခြင်း စသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ကြသည်။

ပျော်ရွှင်ကြည်နူးစွာဆင်နွှဲ

ထိုသို့မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ၊ ဒေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးခွံလည်း ယနေ့ည၀ိုင်းတွင် တပ်မတော်







တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ ဒေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်စဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ ဒေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ ဆီမီးထွန်းညှိပူဇော်စဉ်။

များ ထွန်းညှိပူဇော်ခြင်း စသည့် ကောင်းမှုအစုစုတို့ကို ပြုလုပ်ကြသော လမြတ်မင်္ဂလာအချိန်အခါကောင်း ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလ သုတ်တော်ခေါ် ရဟန်းပြုရအကျိုးပြတရားတော်ကိုဟောကြားတော်မူသော နေ့ထူးနေ့မြတ်လည်းဖြစ်ရာ အဆိုပါနေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းကပ်လှူ၍ ကထိန်အလှူတော် မင်္ဂလာဆင်ယင်ခြင်း၊ ဒါနသီလဘာဝနာကုသိုလ်ယူဆည်းပူးပွားများခြင်း၊ မြတ်စွာဘုရားအား ရည်မှန်း၍ ဘုရားစေတီပုထိုးများ၊ နေအိမ်များ၌ ဆီမီးများ၊



ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာဆင်နွှဲခဲ့ကြသည်။

အလားတူ တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၀င်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမြင်ဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

ဆီမီးများ ကပ်လှူပူဇော်

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဒကွိဏသီရိမြို့နယ် ဗုဒ္ဓဃျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဥဏ်းတော်အဖြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီပုထိုးများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက တန်ဆောင်မုန်းလပြည့်အခါသမယ ဆီမီးများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူကြပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ပြုလုပ်ခြင်း၊ မီးပုံးများလွှတ်တင်ခြင်း၊ စွေးရောင်းပွဲတော်များ၊ နီဗွာန်စွေးပွဲတော်များ၌ လည်ပတ်ကြည့်ရှုခြင်းတို့ဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲကြသည်။

အလားတူ တန်ဆောင်တိုင်ရုံးပတ်ရက်ကာလ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်ပန်းဒြိများ၌ လာရောက်အပန်းဖြေကြသူများဖြင့် အထူးစည်ကားလှုက်ရှိရာ အများပြည်သူများအနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့အခါသမယကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပပြီးစီး

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ကုသိုလ်ယူတစ်ခဲနက်ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျစည်ကား

နေပြည်တော် နိုဝင်ဘာ ၂၄

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒကွိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဥဇာတော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးတွင် တန်ဆောင်တိုင် ဆီမီးထွန်းညှိပူဇော်ပွဲ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်၊ ဇာတ်သဘင်နှင့် တေးဂီတ ဖျော်ဖြေရေးပွဲတို့ကို ယနေ့ တန်ဆောင်မုန်းလပြည့်ပွဲတော်တတိယနေ့အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော် မြောက်ဘက် ဝတ္ထကမဗြေပေါ်ရှိ သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ၊ ဝန်ထမ်းဓိသားစုများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူတစ်ခဲနက် ပါဝင်ဆင်နွှဲကြသဖြင့် ကြက်ပျံမကျ စည်ကားခဲ့သည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီး၏ နောက်ဆုံးနေ့ဖြစ်သည်နှင့်အညီ နံနက်ပိုင်းမှစတင်၍ ဘုရားကြီးသို့ လာရာလမ်းတစ်လျှောက်နှင့် မုခ်ဦးအပြင်ဘက်ရှိ ကားရပ်နားဝင်းများ၌ နေပြည်တော် ဒေသခံများသာမက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၏ မော်တော်ယာဉ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကား များပြားလျက်ရှိရာ ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးတို့အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်၊ အထွက် လမ်းကြောင်းများတွင် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ပွဲတော်လာပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြောက်ကြည်ညို ကုသိုလ်ယူနိုင်ရေး အတွက် တာဝန်ရှိသူများက ဘုရားမှခ်ဦးများရှေ့၌ လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သံဃာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ ဘုရားရင်ပြင်တော်သို့ အဆင်ပြေလွယ်ကူစွာ တက်ရောက် ဖူးမြော်နိုင်ရေးအတွက် လည်း ဝိုးချဲလိမ်များနှင့် မော်တော်ယာဉ်ငယ်များဖြင့် စေတနာထားစီစဉ် ပို့ဆောင်ပေးလျက်ရှိပြီး ပွဲတော်အတွင်း ဆီမီးထွန်းညှိပူဇော်နိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြမည့် နေရာများ၊ ဈေးပွဲတော်နှင့် ဖျော်ဖြေရေးနေရာများသို့ အလွယ်တကူ သွားလာလှေ့လာနိုင်ရန် လမ်းညွှန်ပြသ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် ဘုရားဖူးလာပြည်သူများအနေဖြင့် ကြည်နူးအားချမ်းစွာ တပျော်တပါးပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ထို့နောက် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းသို့ ဝင်ရောက်သည့်ဂိတ်အဝင်ဝ လျှောက်လမ်းတစ်လျှောက်တွင် နီယွန်ရောင်စုံအလှမီးများ လှုပဝေဆာစွာ ဆင်ယင်ထွန်းညှိထားသည့် မြင်ကွင်းကို ဦးစွာကြည့်ရှုခံစားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော် မေတ္တာပို့သခြင်းတို့တွင် စုပေါင်းကုသိုလ်ယူ ပါဝင်ဆင်နွှဲခဲ့ကြသဖြင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ဆီမီးရောင်စုံများ ထိန်ထိန်ညီး လင်းလက်တောက်ပနေသည့် မြင်ကွင်းနှင့်အတူ တရားမွေအသံများ ပျံ့လွင့်ထုံမွှမ်းလျက်ရှိရာ ဘုရားဖူးလာပြည်သူအပေါင်းတို့အား ကြည်ညိုသဒ္ဓါတရားနှင့် ကုသိုလ်စိတ်များ တဖွားဖွား တိုးပွားဖြစ်ပေါ်စေခဲ့သည်။

ပွဲတော်ကြီး၏ ဆွဲဆောင်မှုအရှိဆုံး အထူးအစီအစဉ်တစ်ရပ်ဖြစ်သည့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြမည့် နေရာအသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်ရောက်ရှိနေရာယူ စောင့်ဆိုင်းနေကြပြီး မီးပုံးပျံကြီးများ ကောင်းကင်ယံသို့ ဝေးကင်းအောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ရေးအတွက် တာဝန်ရှိသူများ၏ အားသွန်ခွန်စိုက်ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို စိတ်အားထက်သန်စွာ စောင့်ကြည့်အားပေးကြည့်ရှုကြကာ လွှတ်တင်ပူဇော်မည့် အချိန် နီးကပ်လာသည်နှင့်အမျှ ပရိသတ်များ ပိုမိုစုဝေးရောက်ရှိလာကြသဖြင့် တန်ဆောင်တိုင် မီးထွန်းပွဲတော် နောက်ဆုံးည၏ ကြည်နူးပျော်ရွှင်ဖွယ် အနှစ်သာရနှင့် အင်္ဂေ့အသက်များမှာ အထူးပင် အသက်ဝင်တောက်ပခဲ့သည်။

မီးပုံးပျံများ စတင်လွှတ်တင်ပူဇော်ချိန်သို့ ရောက်ရှိလာသည့် အခါ တိုင်းရင်းသားရိုးရာအက အလှများ၊ အိုးစည်ဒိုးပတ်နှင့် သံချပ်တီးလုံးများဖြင့် စည်ကားသိုက်မြိုက်စွာ တွဲဖက်ဖျော်ဖြေကြပြီး ညမီးကြိုး၊ စိန်နားပန်မီးပုံးပျံကြီးများနှင့် မီးပုံးပျံအသေးများ ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြကာ ရောင်စုံမီးပန်းများနှင့် မီးပုံးပျံကြီးများ၏ အလှတရားတို့ ပေါင်းစပ်ကာ တန်ဆောင်မုန်းလပြည့် ညအလှကို ပိုမိုထင်ရှားပေါ်လွင်စေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာန အလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ "မောရဏီ"နှင့် အလုပ်သမား ဝန်ကြီးဌာနက "ပြည့်စွမ်းအား" အမည်ရှိ မီးပုံးပျံကြီးများကို ကောင်းကင်ယံထက်သို့ လှပခမ်းနား အောင်မြင်စွာလွှတ်တင်ပူဇော်နိုင်ခဲ့ကြပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများကလည်း သတ်မှတ်နေရာများ၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ပူဇော်ခဲ့ကြသည်။

အလားတူ ညမီးကြိုးမီးပုံးပျံ လွှတ်တင်ပူဇော် ပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနက "ပြည်ထောင်စု အလင်းအိမ်"၊ "မြန်မာမောင်"နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက "ပို့ကုန်ဖြင့်တင် ကမ္ဘာတစ်ခွင်" အမည်ရှိ ညမီးကြိုးမီးပုံးပျံကြီးများကို ရောင်စုံမီးပန်းအလှများ ဖြာထွက်တောက်ပစွာဖြင့် အောင်မြင်စွာ လွှတ်တင်ပူဇော်နိုင်ခဲ့ကြရာ ပွဲတော်လာပရိသတ်များက တစ်ခဲနက်အားပေးကြည့်ရှုခဲ့ကြသည်။

ထိုသို့ မီးပုံးပျံများ လွှတ်တင်ပူဇော် ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာန အလိုက် ဝန်ထမ်းများနှင့် ပွဲတော်လာပြည်သူများကလည်း ရှမ်းရိုးရာအကအလှ များ၊ အိုးစည်ဒိုးပတ်တီးခတ်မှုများ၊ သံချပ်တီးလုံးများဖြင့် ပါဝင်ဆင်နွှဲအားပေးခဲ့ကြသည့်အပြင် ဆီမီးခွက်များ ကိုင်ဆောင်ပူဇော်ခြင်းနှင့် တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကြောင့် တန်ဆောင်မုန်းလပြည့်ည၏အလှတရားကို ပိုမိုပြည့်စုံစေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံမြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများကို LED မီးရောင်စုံများဖြင့် ခမ်းနားထည်ဝါစွာ အလှဆင်ပူဇော်ထားရာ လက်ရာမြောက်လှသည့် တည်ဆောက်ပုံများနှင့် အံ့မခန်း မြန်မာ့ဗိသုကာလက်ရာများမှာ ပိုမိုတင့်တယ်သပ္ပာယ်လျက် ဖူးမြော်မဝနိုင်အောင် ကြည်ညိုဖွယ်ကောင်းပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်၏ ရင်သပ်ရှုမောဖွယ် အလှတရားနှင့် အတူ ဗုဒ္ဓသာသနိကအဆောက်အအုံများ၏ ထူးခြားဆန်းကြယ်သည့် အနုပညာလက်ရာများကို တစ်နေရာတည်း၌ ဖူးမြော်လေ့လာခွင့် ရရှိခဲ့ကြသည်။







ယနေ့ညပိုင်းတွင် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဗုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူတို့က မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် စွမ်းဆောင်ရည်ဆုများရရှိခဲ့ကြသည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နေပြည်တော် ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားပြုပြိုင်ပွဲဝင်အသင်းတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

စာမျက်နှာ ၉ သို့ ✤





❖ စာမျက်နှာ ၈ မှ

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်ခွန်နိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း လိုအပ်သည်များကို စနစ်တကျ ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် ဘုရားဖူးလာရောက်ကြသည့်ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် ဒေသထွက်ကုန်များ၊ စားသောက်ဖွယ်ရာများကို တစ်နေရာတည်းတွင် အဆင်ပြေချောမွေ့စွာ ဝယ်ယူစားသောက်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မြောက်ဘက် ဝတ္ထုကံမြေပေါ်ရှိသတ်မှတ်နေရာများ၌ တန်ဆောင်တိုင် ဈေးရောင်းပွဲတော် ထည့်သွင်းကျင်းပခဲ့ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) ထုတ်ကုန်ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာဆိုင်များနှင့် ဒေသထွက်ကုန်ပစ္စည်းဆိုင်များ အပါအဝင် ဈေးဆိုင်ခန်းပေါင်း ၅၂၀ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ဝိုဓိထင်ရှားပေါ်လွင်စေ

တန်ဆောင်တိုင် ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်းပြခန်းများ၊ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ အိမ်ဝတ်စားလက်မှုအနုပညာ အရောင်းပြခန်းများ၊ ရိုးရာ အဝတ်အထည်များနှင့် မြန်မာ့ရိုးရာအစားအစာအရောင်းဆိုင်တို့၌ ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ရာ ဘုရားဖူးလာပြည်သူများက နှစ်ခြိုက်စွာ ရွေးချယ် ဝယ်ယူအားပေးနေကြသည့် ကြည်နူးဖွယ်မြင်ကွင်းများက ပွဲတော်ကြီး၏ စည်ကားသိုက်မြိုက်မှုနှင့် ပျော်ရွှင်ဖွယ် အငွေ့အသက်ကို ဝိုဓိထင်ရှားပေါ်လွင်စေခဲ့သည်။

ဈေးရောင်းပွဲတော်နှင့် အတူ ပွဲတော်လာ ပြည်သူများအား မြန်မာ့ရိုးရာ ဓာတ်သဘင်၏ အနုပညာရသများကို အပြည့်အဝ ခံစားကြည့်ရှုနိုင်စေရန် အတွက် တန်ဆောင်တိုင် ပွဲတော်ကာလ အတွင်း ညစဉ်မပြတ်ဖြိုင်ဆိုင်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဓာတ်သဘင်ဖျော်ဖြေပွဲ (အခမဲ့)၏ နောက်ဆုံးနေ့အဖြစ် အောင်ဇမ္ဗူဓာတ်သဘင်အဖွဲ့က ခေတ်မီစင်မြင့် အပြင်အဆင်များ၊ မီးအလင်းရောင်နှင့် အသံစနစ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ၏ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်မှုများနှင့် ခေတ်မီနည်းပညာရပ်များကို ဟန်ချက်ညီညီတွဲဖက်အသုံးပြု၍ သဘင်ပညာရှင်များ၏ ဓာတ်ဝင်သီချင်း၊ လက်၊ ခြေ၊ ခေါင်း၊ ခါး အတိမ်းအစောင်း ညီညွတ်မှုဖြင့် ကရသည့် ယိမ်းအက၊ လူနှင့်ရုပ်သေးအက၊ ဟာသ လူရွင်တော်များနှင့် အောင်ဇမ္ဗူဓာတ်တော်သားများ အဖွဲ့၏ "မင်းသားရူး" ဟာသကပွဲ၊ အဆို၊ အပြို၊ အပြောများဖြင့် ဓာတ်၏ အနှစ်သာရကို ရုပ်လုံးပေါ်အောင် တင်ဆက်ရသည့် "လှည်းယဉ်ကြေးကြေး" အော်ပရာနှင့် "မချစ်တတ်သူများ မကြည့်ရ" ပြဓာတ်၊ ပရိသတ်အကြိုက် ခေတ်ပေါ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသည့် စတိတ်ရှိုးအစီအစဉ်၊ ဓာတ်မင်းသားအောင်ဇမ္ဗူ၏ အဆို၊ အပြော၊ အကပညာရပ်များဖြင့် အနုပညာစွမ်းရည်များကို တင်ဆက်မည့် "အောင်လံယူ အောင်ဇမ္ဗူ" နှစ်ပါးသွားအစီအစဉ်၊ လူရွင်တော်များက စိတ်နှလုံးရွှင်ပြုံးစေမည့် ဟာသပြက်လုံးများနှင့် ဟာသတစ်ခန်းရုပ်များကို ဓာတ်သဘင် အနုပညာ ရသစုံလင်စွာဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

အထူးစည်ကား

ထိုသို့ အောင်ဇမ္ဗူဓာတ်သဘင်အဖွဲ့၏ ပရိသတ်အကြိုက် အစီအစဉ်ကောင်းများဖြင့် အားပါးတရ ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့ဓာတ်သဘင် အနုသုခုမ ပညာကို မြတ်နိုးတန်ဖိုးထားကြသည့် ပွဲတော်လာပြည်သူများက ဖျော်ရွှင်ကြည်နူးစွာဖြင့် ကွင်းပြည့်ကွင်းလျှံ လာရောက်ကြည့်ရှုအားပေးကြပြီး ဓာတ်သဘင်၏ သုခုမ အနုပညာရသများကို အပြည့်အဝခံစားခဲ့ကြသည်။

ထို့အတူပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတသံစဉ်များကို စိတ်လက်ပေါ့ပါး ပျော်ရွှင်စွာ နားဆင်ခံစားနိုင်စေရန် ရည်ရွယ်ကျင်းပသည့် ခေတ်ပေါ်တေးဂီတ ဖျော်ဖြေပွဲတွင်လည်း နိုင်ငံကျော် တေးသံရှင်များ ဖြစ်ကြသည့် မေသက်ထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ ဒီဖြို့၊ သာဒီးလူ၊ ပုံရိပ်၊ Snare၊ ဇော်ဝိုင်၊ Jenny၊ လီမွှေသီး၊ ယွန်းဖြတ်သူ၊ ဖိုးကာ၊ ထက်ယံ၊ အောင်ထက်၊ Htet Inzali နှင့် အာဒံဦးတို့က Daily Gita Band နှင့် DJ များ၏ တီးခတ်မှုများနှင့်အတူ ပရိသတ်အကြိုက်လူကြိုက်များသည့် တေးသီချင်းများကို အလှည့်ကျသီဆိုဖျော်ဖြေခဲ့ကြရာ လာရောက်အားပေးကြသည့် ပရိသတ်များက တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် Band နှင့် DJ များ၏ မြူးကြွသောစည်းချက်ညီညီ တီးခတ်မှုတို့အပေါ် တက်ကြွစွာအတူတကွ သီဆိုပါဝင် ခံစားခဲ့ကြသဖြင့် အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ကလေးစီးရထားဝိုင်းနှင့် ချာဝိုင်း၊ ကလေးစီးလှုပ်စီနှင့် ကလေးစီးဒုံး၊ ပျော့အိ၊ ကလေးစီးကားစသည့် ကလေးကစားနည်းများ စုံစုံလင်လင်ထည့်သွင်းထားရာ ကလေးငယ်များက မိဘအုပ်ထိန်းသူများနှင့်အတူ လာရောက်ကာ မိမိတို့နှစ်သက်ရာ ကစားနည်းများကို ဆော့ကစားနေသည့် ချစ်စဖွယ်မြင်ကွင်းများ ကလည်း ပွဲတော်၏မိသားစုအပန်းဖြေမှုအနှစ်သာရကို ဝိုဓိပြည့်စုံစေခဲ့ပြီး ရဟတ်၊ ပင်လယ်ဝေးပြေလှေနှင့် ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

ပွဲတော်သို့ လာရောက်ဆင်နွှဲကြသည့်ပြည်သူများ သွားလာရေး အဆင်ပြေ ချောမွေ့စေရန်နှင့် ခရီးသွားလာရေး အခက်အခဲမရှိစေရန်အတွက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် တော်ဝင်ယာဉ် လိုင်းနှင့် လျှပ်စစ်မော်တော်ယာဉ် (EV) များကို နေပြည်တော်အတွင်း သတ်မှတ် လမ်းကြောင်းများ အလိုက် နံနက်ပိုင်းနှင့် ညနေပိုင်း တို့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးသို့ အခမဲ့စနစ်တကျ အသွားအပြန် ပြေးဆွဲပေးခဲ့ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက် အထိ သုံးရက်တိုင်တိုင်အောင်မြင်စွာကျင်းပခဲ့ခြင်း ဖြစ်သည်။

သတင်း- ဟိန်းမင်းစိုး၊ ကျော်စွာဝင်း
ဓာတ်ပုံ-အေးပြည့်အောင်

✦ Coffee Expo မှ

ထို့ပြင် မြန်မာနိုင်ငံအား ယခုကဲ့သို့ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်နိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် လာမည့် ၂၀၂၇ ခုနှစ် ဧပြီလတွင် ကျင်းပမည့်ပြပွဲ၌ မြန်မာနိုင်ငံကို ကြိုဆိုလက်ခံရမည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ မှတ်တမ်းများအရ Coffee Expo Seoul ပြပွဲများတွင် မြန်မာနိုင်ငံသည် ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ပထမဆုံးရွေးချယ်ခံရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စိတ်ပါဝင်စားမှုနှင့် ဆိုင်လိုအခြေစိုက်မြန်မာသံရုံး၏ အပြည့်အဝပူးပေါင်းပါဝင်မှုတို့ကို ပြသနိုင်ခဲ့ကြောင်း။

Coffee Expo Seoul သည် ကော်ဖီလုပ်ငန်းနှင့် သက်ဆိုင်သည့်ထုတ်လုပ်သူများ၊ တင်သွင်းသူများ၊ ဖြန့်ဖြူးရောင်းချသူများနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များတွေ့ဆုံချိတ်ဆက်နိုင်သည့် နိုင်ငံတကာကုန်သွယ်မှုပြပွဲတစ်ခုဖြစ်ပြီး ယင်းပြပွဲနှင့်အတူ Korea International Bakery Fair (KIBA) 2027 ကိုလည်း ၂၀၂၇ ခုနှစ် ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ ဆိုးလ်မြို့ရှိ COEX ပြပွဲခန်းမ၌ တစ်ပြိုင်နက်တည်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့တရားဝင်ဂုဏ်ထူးဆောင်ဧည့်သည်နိုင်ငံအဖြစ် ရွေးချယ်ခံရခြင်းသည် မြန်မာ့ကော်ဖီ၏ အရည်အသွေးနှင့် ထုတ်လုပ်မှုအလားအလာများကို ကိုရီးယား ဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုမိတ်ဆက်ဖော်ထုတ်နိုင်မည့်အခွင့်အလမ်းရရှိခြင်းဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။



သတင်းစဉ်

✪ ကျိုင်းတုံမြို့နယ်မှ

ရှမ်းပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ပြည်တွင်း/ပြည်ပခရီးသွား ၉၃၇၁၄၄၄ ဦး၊ ၂၀၂၆ ခုနှစ်တွင် ဧန်နဝါရီမှ အောက်တိုဘာအထိ ပြည်တွင်း/ပြည်ပခရီးသွား ၁၀၅၇၄၄၁ ဦး လာရောက်လည်ပတ်ခဲ့ပြီး ခရီးသွားဝင်ရောက်မှု ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

၂၀၂၆ ခုနှစ်တွင် ဧန်နဝါရီမှ အောက်တိုဘာလ အထိ ခရီးစဉ်ဒေသများသို့ နယ်စပ်ဒေသများမှ Package Tour အနေဖြင့် နိုင်ငံခြားခရီးသွား ၉၇၀ လာရောက်လည်ပတ်ခဲ့ပြီး တောင်ကြီး၊ ညောင်ရွှေ၊ ကလော ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသွား ၆၉၈၅၁ ဦးနှင့် ပြည်ပ ခရီးသွား ၁၆၅၆၃ ဦး စုစုပေါင်း ၇၁၆၄၁၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရှမ်းပြည်နယ်ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းဇော်က ပြောသည်။

ရှမ်းပြည်နယ်တွင် ထင်ရှားသောခရီးစဉ် ဒေသခြောက်ခုအပြင် လူထုအခြေပြုခရီးသွားလုပ်ငန်းများ (Community Based Tourism – CBT) ဖော်ဆောင်ထားသည့် ကျောက်တလုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ထီနဲ့(ပအိုဝ်း)ကျေးရွာ၊ အင်းနီ(ပအိုဝ်း)ကျေးရွာ၊ လွယ်ခေါ်(ပအိုဝ်း)ကျေးရွာ၊ ဆီးကျအင်း(ဓနု)ကျေးရွာ၊ ပင်စိမ်းပင်(ဓနု)ကျေးရွာ၊ လွယ်ပန်းစုံကျေးရွာ၊ လွယ်ခွဲ့ကျေးရွာ၊ စံကား(အင်း/ရှမ်း)ကျေးရွာ၊ ကျောက်တော(ဓနု)ကျေးရွာ၊ ဟိုကျင်း(အာခါ) ကျေးရွာ၊ ဟွေယုန်း(အာခါ)ကျေးရွာ၊ ထီဝါးမူး(လီဆူ)ကျေးရွာ၊ ရေယောင်းမ(ဓနု)ကျေးရွာ၊ ကျောက်တလုံး(ပလောင်)ကျေးရွာ၊ ပန်းဆိုင်း(ဝ)ကျေးရွာ၊ ပန်ကူ(လားဟူ)ကျေးရွာ၊ ဟိုယန်း(လွယ်)ကျေးရွာနှင့် ကျေက္ကချား(ပအိုဝ်း)ကျေးရွာတို့တွင် ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည်။

သစ္စာ(MNA)၊
ဓာတ်ပုံ - ပြည်နယ် ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

■

တန်ဆောင်မုန်းလပြည့်နေ့ မန္တလေးမြို့ရှိအထင်ကရ ဓေတီပုထိုးများတွင် ကုသိုလ်ပြုသူများနှင့် စည်ကား

မန္တလေး နိုဝင်ဘာ ၂၄

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့) အထိမ်းအမှတ် တန်ဆောင်တိုင်မီးထွန်းပွဲတော်များနှင့် စုပေါင်းမဟာဘုံကထိန်အလှူပွဲများကို မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် ရပ်ကွက်အသီးသီး၌ ဘုရားဖူးပြည်သူများ၊ အလှူရှင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ယနေ့ နံနက်အရုဏ်တက်ချိန်မှစတင်၍ မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီးဘုရားဖြစ်သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန်ဘုရားနှင့် ရွှေကျီးမြင်ဘုရားတို့တွင် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်လှူဒါန်းခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဥပုသ်သီလ ဆောက်တည်ခြင်းများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ မန္တလေးတောင်တော်၊ ကျုံးဘေးပတ်လည်နှင့် မြို့တွင်းလမ်းမကြီးများ တစ်လျှောက်တွင်လည်း မိသားစုလိုက်၊ မိတ်ဆွေသူငယ်ချင်းများ အလိုက် အပန်းဖြေလည်ပတ်သူများဖြင့် ပြည့်နှက်နေပြီး မြို့နယ်နှင့် ရပ်ကွက်အသီးသီးရှိ အလှူရှင်များက စုပေါင်းမဟာဘုံကထိန်ပဒေသာပင်များကို မြန်မာ့ရိုးရာအိုးစည်ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ လှည့်လည်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများ ပြုလုပ်လျက်ရှိသည်။

ညဝိုင်းတွင်လည်း မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားစေတီများနှင့် လူနေရပ်ကွက်လမ်းသွယ်များအတွင်း ရောင်စုံလျှပ်စစ်မီးအလှများ ထွန်းညှိပူဇော်ခြင်း၊ ဆီမီးတစ်ထောင် ပူဇော်ပွဲများ ကျင်းပခြင်းနှင့် ရပ်ကွက်အလိုက် မြိုက်စွာ ဆင်နွှဲနေကြကြောင်း သိရသည်။



နိဗ္ဗာန်ဈေးပွဲတော်များကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ဆင်နွှဲနေကြကြောင်း

(အပေါ်ဝံ)

ရွှေမန်း

အာရှပစိဖိတ်ဒေသ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး (၃၃)ကြိမ်မြောက် APEC ထိပ်သီးအစည်းအဝေး ကျင်းပ

နိုဝင်ဘာ ၂၄

အာရှ ပစိဖိတ်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ဒေသတွင်းချိတ်ဆက်မှုနှင့် အနာဂတ် သာယာဝပြောရေးတို့ကို မြှင့်တင်ရန် ရည်ရွယ်သည့် (၃၃) ကြိမ်မြောက် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု APEC စီးပွားရေးခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံ ကွမ်တုန်းပြည်နယ် ရှန်ကုန်းမြို့မှာ နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့သည်။

ယခုနှစ် APEC အစည်းအဝေးကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် တတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး အတူတကွ သာယာဝပြောရေး အတွက် အာရှ-ပစိဖိတ် အသိုက်အဝန်းတည်ဆောက်ခြင်း(Building an Asia – Pacific Community to Prosper Together) ဆောင်ပုဒ်ဖြင့် ကျင်းပခြင်း ဖြစ်သည်။ ပွင့်လင်းမှု (Openess)၊ ဆန်းသစ်တီထွင်မှု (Innovation)၊ ပူးပေါင်း ဆောင်ရွက်မှု (Cooperation) တို့ကို အဓိကဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်ထားသည်။

အစည်းအဝေးကို အိမ်ရှင် နိုင်ငံ တရုတ်သမ္မတ ရှီကျင့်ဖျင် အပါအဝင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ တောင်ကိုရီးယားသမ္မတ လီဂျယ်မြောင်၊ ဂျပန်ဝန်ကြီးချုပ် ဆာနေးတာကာအိချိ အပါအဝင် အခြားအာရှပစိဖိတ်ဒေသမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

APEC CEO Summit ဖွင့်ပွဲအခမ်းအနားတွင် တရုတ်သမ္မတရှီကျင့်ဖျင်က အာရှ-ပစိဖိတ်ဒေသအတွက် တောက်ပသော အနာဂတ်ဆီသို့ ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် ရှေ့ဆက်ကြစို့ (Forging Ahead with Resolve Toward a Bright Future for the Asia – Pacific) ခေါင်းစဉ်ဖြင့် အဓိက မိန့်ခွန်းပြောကြားခဲ့ပြီး ယခုနှစ် အစည်းအဝေးတွင် ဒေသတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေး၊ နိုင်ငံအချင်းချင်းသယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ ချိတ်ဆက်မှုများ ပိုမို ကောင်းမွန်လာစေရေး၊ ဒီဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဉာဏ်ရည်တုနည်းပညာ အေအိုင် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုတို့ကို အဓိကဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကဆ

o-o-o-o-o

ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြပါစို့။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာ့လုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ဖြိုဖျက်ပြီးစီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅)ထပ် အဆောက်အအုံအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

နိုင်ငံတကာ အားကစား သတင်းများ

ဒေးဗစ်ရာယာ ပခုံးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရတွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၄

အာဆင်နယ်အသင်းဂိုးသမား ဒေးဗစ်ရာယာသည် ပခုံးဒဏ်ရာကြောင့် ယခုနှစ် ကောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဒေးဗစ်ရာယာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဂိုးသမား ဒေးဗစ်ရာယာသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ကောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၁ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။ **(အောက်ပုံ)(NGB)**



ကွန်စီကာအိုကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်

လန်ဒန် နိုဝင်ဘာ ၂၄

နယူးကာဆယ်အသင်းသည် ဂျူဗင်တပ်အသင်းတောင်ပံကစားသမား ကွန်စီကာအိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ကောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၈ ပွဲကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွန်စီကာအိုကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် ဂျူဗင်တပ် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းထံမှ ကွန်စီကာအိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)(NGB)



နည်းပြ ဒေယိုနီဆီကို နည်းပြရာထူးမှ ဝက်ဗို့ဒ်အသင်းထုတ်ပယ်

လန်ဒန် နိုဝင်ဘာ ၂၄

ဝက်ဗို့ဒ်အသင်းသည် အသင်းနည်းပြ ဒေယိုနီဆီကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။

ဝက်ဗို့ဒ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၁၆ ပွဲကစားအပြီးတွင် ရမှတ် ၁၅ မှတ်ဖြင့် အဆင့် (၂၁)နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဒေယိုနီဆီကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဒေယိုနီဆီသည် နည်းပြဘဝတစ်လျှောက်တွင် ဝက်ဗို့ဒ်အသင်းကို ၂၀၂၆ခုနှစ် ဇွန် ၁၅ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၈ ပွဲတွင် ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ၁၀ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဝက်ဗို့ဒ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဒေယိုနီဆီကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(ယာဝုံ)

(NGB)



အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၆-၁၁-၂၀၂၆ နံနက် ၀၂:၁၅နာရီ	ဘန်လေ - ဘာမင်ဂမ်	ဘန်လေ ၃-၀ ဘာမင်ဂမ် ဘာမင်ဂမ် ၁-၁ ဘန်လေ
၂၆-၁၁-၂၀၂၆ နံနက် ၀၂:၃၀နာရီ	စတုတ်စီးတီး - မီဒဖဲလ်	စတုတ်စီးတီး ၁-၃ မီဒဖဲလ် မီဒဖဲလ် ၂-၀ စတုတ်စီးတီး



ဘရန်ဖို့ဒ်အသင်းက အဲဗာတန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

လန်ဒန် နိုဝင်ဘာ ၂၄

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘရန်ဖို့ဒ်အသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရန်ဖို့ဒ်အသင်းက အဲဗာတန်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘရန်ဖို့ဒ်အသင်းအတွက် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၃ မိနစ် နှင့် ၂၅ မိနစ်တွင် လူးဝစ်ပေါ်တာ၊ ပွဲချိန် ၆၇ မိနစ်တွင် ဂျာနယ်လ်၊ ပွဲချိန် မိနစ် ၉၀ တွင် ကာဗာဟို တို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဘရန်ဖို့ဒ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၂၈ ရက်တွင် မန်ယူအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဝိုလ်လုပွဲအဆင့်သို့ Rebeka Masarova တက်ရောက်

လန်ဒန် နိုဝင်ဘာ ၂၄

ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဝိုလ်လုပွဲအဆင့်သို့ ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova တက်ရောက်ခဲ့သည်။ **(ယာဝုံ)**

အဆိုပါ ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova သည် 2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်မယ် Zuleta De Reales အား ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဝိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 LP Open by IND တင်းနစ်ပြိုင်ပွဲ ဝိုလ်လုပွဲအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Rebeka Masarova နှင့် စပိန်တင်းနစ်မယ် Leyre Romero Gormaz တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(NGB)**



စပိန်လာလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးရရှိသည့် နည်းပြအဖြစ် ဆီမြွန်နီ မှတ်တမ်းဝင်

မက်ဒရစ် နိုဝင်ဘာ ၂၄

အင်္ဂလလက်တီကိုမက်ဒရစ်အသင်းနည်းပြ ဆီမြွန်နီသည် စပိန်လာလီဂါပြိုင်ပွဲတွင် နိုင်ပွဲအများဆုံးနည်းပြအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နည်းပြသည် စပိန်လာလီဂါပွဲစဉ်အဖြစ် အင်္ဂလလက်တီကိုမက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆီမြွန်နီသည် အင်္ဂလလက်တီကိုမက်ဒရစ်အသင်းကို စပိန်လာလီဂါပွဲစဉ် ၅၆၇ ပွဲ ကိုင်တွယ်ခဲ့ရာ နိုင်ပွဲ ၃၄၅ ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၆)နှစ်အရွယ်ရှိ ဆီမြွန်နီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ)

(NGB)



လီဟပူးသပိုင်းတွင် ပရိုးမီးယားလိဂ်တစ်ပွဲတည်းတွင် ဂိုးသွင်းပြီး ဂိုးပန်တီး နိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် အင်္ဂလိပ်သား မှတ်တမ်းဝင်

လန်ဒန် နိုဝင်ဘာ ၂၄

လီဗာပူးအသင်း တောင်ပံကစားသမား အန်ဂူမို ယာ (အသက် ၁၈နှစ်၊ ၈၅ရက်)သည် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်တစ်ပွဲတည်းတွင် ဂိုးသွင်းပြီး ဂိုးဖန်တီးမှုပြုလုပ်နိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက မန်ယူအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပြီး နောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား အန်ဂူမိုယာသည် လီဗာပူးအသင်းနှင့် အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

တောင်ပံကစားသမား အန်ဂူမိုယာသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခြင်းခံထားရသည်။

(အောက်ပုံ)

(NGB)



ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၅) နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်)	နောက်ဆုံးတွေ့.ဆုံမှုရလဒ်
၂၆-၁၁-၂၀၂၆ ကြာသပတေးနေ့	နံနက်၀၃:၁၅နာရီ	ဆာဘက်ချ် - ဘာစီလိုနာ (အဇာဘိုင်ဂျန်-၃) (စပိန်-၁)	——
〃	〃	ဆလားဗီယားဟရက် - ဗီလာရီးရဲလ် (ချက်-၁) (စပိန်-၁၀)	ဆလားဗီယားဟရက် ၀-၂ ဗီလာရီးရဲလ် ဗီလာရီးရဲလ် ၂-၂ ဆလားဗီယားဟရက်
၂၆-၁၁-၂၀၂၆ ကြာသပတေးနေ့	နံနက်၀၂:၃၀နာရီ	အက်သလက်တီကို - ပိုက်ကင်း (စပိန်-၃) (နော်ဝေ-၂)	——
〃	〃	ကလပ်ဘရူဂေး - လီဗာပူး (ဘယ်လ်ဂျီယံ-၂) (အင်္ဂလန်-၄)	——
〃	〃	အင်တာမီလန် - စတုဂတ် (အီတလီ-၃) (ဂျာမနီ-၈)	——
〃	〃	လိုင်လီ - ဘိုင်ယန်မြူးနစ် (ပြင်သစ်-၃) (ဂျာမနီ-၂)	လိုင်လီ ၀-၁ ဘိုင်ယန်မြူးနစ် ဘိုင်ယန်မြူးနစ် ၆-၁ လိုင်လီ
〃	〃	ပီအက်စ်ဂျီ - ဂိုးဟား (ပြင်သစ်-၁) (အီတလီ-၂)	ပီအက်စ်ဂျီ ၁-၁ ဂိုးဟား (၁-၀-၂၀၁၀ ကလပ်အသင်းဖြေဖဲမ်းပွဲစဉ်)
〃	〃	ဂျက်တာဒိုးနက်စ် - ပီနာဘာချီ (ယူကရိန်း-၁) (တူရကီ-၆)	ဂျက်တာဒိုးနက်စ် ၃-၀ ပီနာဘာချီ ပီနာဘာချီ ၀-၀ ဂျက်တာဒိုးနက်စ်
〃	〃	စပိုတင်းလစ္စတွန်း - ပန်ထူ (ပေါ်တူဂီ-၃) (အင်္ဂလန်-၁၉)	——

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆဋ္ဌမအကြိမ် စုပေါင်းမိုးကျကထိန် အလှူတော်မင်္ဂလာ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ



မန္တလေး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆဋ္ဌမအကြိမ် စုပေါင်းမိုးကျကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)၊ မဟာအောင်မြေမြို့နယ်မဖိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်း နာယကဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မိကဂွိဒ္ဓိဇာဘိဝံသ ဆရာတော်အမှူးပြုပြီး ပင့်သံဃာတော်များနှင့် ကထိန်ခံဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ၄င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) မဖိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ၄င်းတို့၏ဇနီးများနှင့်တာဝန်ရှိသူများက ကထိန်ခင်းကျင်းသည့် ကထိန်ခံကျောင်းများမှ ဆရာတော်ကြီးများအား ကထိန်လွှာ ဥတ်သင်္ကန်း၊ ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)၊ မဖိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းနာယကဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြားပြီး လူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကာ ဗုဒ္ဓသာသနာစိရံဂတ္ဓတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရပ်သိမ်းခဲ့သည်။

ယနေ့အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေးခရိုင်အတွင်းရှိ ကထိန်ခံ ၁၂ ကျောင်းအတွက် ငွေသားနှင့် ပစ္စည်းစုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၇၅၆၅၃၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၇)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် လွှမ်းခြုံကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပ



မန္တလေး နိုဝင်ဘာ ၂၄

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၇)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းလွှမ်းခြုံကပ်လှူပူဇော်ပွဲအခမ်းအနားကို တန်ဆောင်မုန်းလပြည့်နေ့ ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရက်ကန်းပညာရှင်အဖွဲ့များနှင့် စက်ချုပ်ပညာရှင်အဖွဲ့များ၊ လုပ်အားဒါနပြုကြသူများ၊ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နံနက်အရုဏ်ဦးအချိန်တွင် ရေတော်ဆရာတော်နှင့် မဟာမုနိဝေယျာဝစ္စအဖွဲ့တို့ကမဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အမွေးနံ့သာရည်များဖြင့် မျက်နှာသစ်တော်ရေသပွာယ်ကာရောင်တော်ဖွင့်၍ ဆွမ်းခဖွယ်၊ ဘောဇဉ်၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်ရန် နေ့ချင်းပြီး ရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်းတော်၊ သင်းပိုင်းသင်္ကန်းတော်တို့ကို ရေတော်ဆရာတော်အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ၄င်းတို့၏ ဇနီးများ၊ ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်များအဖွဲ့နှင့် စက်ချုပ်ပညာရှင်များအဖွဲ့က ကိုင်ဆောင်ကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပူဇော်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးတို့နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံကပ်လှူ ပူဇော်လှူဒါန်းကြသည်။

၄င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းရက်လုပ်ခဲ့ကြသည့် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ စသည့် ရက်ကန်းပညာရှင်များအဖွဲ့၊ ကိုးလုံးတကာရက်ကန်းပညာရှင်နှင့် စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုငွေများနှင့် မှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

အနုပညာရှင် မာဏ၏ Leisure ဒီဂျစ်တယ်အနုပညာပြပွဲ ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၂၄

အနုပညာရှင် မာဏ (Mar Na) ၏ Leisure Solo Digital Art Exhibition ဒီဂျစ်တယ်အနုပညာပြပွဲကို သီရိပစ္စယာ အနုပညာပြခန်းတွင် နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြပွဲသည် နေ့စဉ်ဘဝ၏ အမောအပန်းများနှင့် စိတ်ပင်ပန်းမှုများကြားတွင် ခဏတာ စိတ်လက်ပေါ့ပါးစွာ အနားယူအပန်းဖြေနိုင်ရန် ရည်ရွယ်စီစဉ်ထားခြင်းဖြစ်ပြီး လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ စာဖတ်ခြင်းနှင့် ပုံဆွဲခြင်းစသည့် ကိုယ်ပိုင်အပန်းဖြေမှုများ၏ တန်ဖိုးကို ဒီဂျစ်တယ်အနုပညာလက်ရာများမှတစ်ဆင့် တင်ဆက်သွားမည် ဖြစ်သည်။

ထို့ပြင် အယ်လ်နီညိုကဲ့သို့ ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခများ၊ ရန်လိုမုန်းတီးမှုများကြားတွင် လူတိုင်းအတွက် စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်မည့် အချိန်နှင့် အခြေအနေများ ပိုမိုလို အပ်လာကြောင်းကိုလည်း ပြပွဲမိတ်ဆက်တွင် ဖော်ပြထားသည်။

ပြပွဲတွင် ပြသမည့် အနုပညာလက်ရာများကို ကြိတင်မိတ်ဆက်ခြင်းမပြုဘဲ လာရောက်ကြည့်ရှုသူများအနေဖြင့် ကိုယ်တိုင်ခံစားလေ့လာနိုင်ရန် စီစဉ်ထားသည်။

အဆိုပါ ပြပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ မည်သူမဆို လွတ်လပ်စွာ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ရွှေမန်း

ပျော်ဘွယ်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်

ပျော်ဘွယ် နိုဝင်ဘာ ၂၄

ပျော်ဘွယ်မြို့နယ်ဥပဒေရုံးမှ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ကလေးသူငယ်အခွင့်အရေးများနှင့် ဥပဒေဆိုင်ရာ အကာအကွယ်ပေးထားမှုတို့ကို ငယ်ရွယ်စဉ်မှပင် လွယ်ကူရှင်းလင်းစွာ နားလည်စေရန်အတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာနှင့် စက်မူ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဆင့်ပွားသင်တန်းတွင် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးဝေလင်းကို က လေးငယ် တိုင်းမွေးစာရင်း ရရှိပိုင်ခွင့်၊ အခမဲ့မသင်မနေရပညာသင်ယူခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှုခံယူခွင့်တို့အပြင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းမှ ကင်းဝေးစေရန် တားဖြစ်ထားသည့် ဥပဒေအကြောင်းအရာများ၊ အသက် ၁၄ နှစ်မပြည့်တဲ့ အလုပ်လုပ်ကိုင်ရခြင်းနှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် ခိုင်းစေခံရခြင်းများသည့် ဥပဒေနှင့် ငြိစွန်းကြောင်းတို့ကို ကျောင်းသား၊ ကျောင်းသူများ နားလည်မှုလွယ်ကူစေရန် ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

မင်းမင်းထွေး(ပျော်ဘွယ်)

o–o–o–o–o

o–o–o

ပတ်ဝန်းကျင်သာယာလှပစေရေး ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။

ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် မဟာအုံထူးကံသာဆုတောင်းပြည့်ဘုရား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ပွဲ ပြည်သူများအေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

ဖြင်ဦးလွင် နိုဝင်ဘာ ၂၄

ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော်ကို ပြင်ဦးလွင်မြို့ ဓမ္မရတိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရား စေတီရင်ပြင်တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မြန်မာ့ရိုးရာမီးပုံးပျံ လွှတ်တင်ပူဇော်ပွဲအခမ်းအနားကို ယနေ့ညဦးဝင်းက မဟာအုံထူးကံသာဆုတောင်းပြည့်ဘုရား ရင်ပြင်တော်နှင့် သာသနာ့ဗိမာန်တော်ဝင်းအတွင်း စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်သန့်လွင်စိုးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၄၄းတို့၏ဇနီးများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ နှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှလာရောက်ကြသည့် ဘုရားဖူးပြည်သူများက အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများသည် စေတီတော်အား လက်ယာရစ်လှည့်လည်ပြီး မဟာအုံထူးကံသာဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး ဘုရားစေတီရင်ပြင်တော်တွင် ဆီမီးများထွန်းညှိပူဇော်ကြသည်။

ဌင်းနောက် မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးပုံးပျံငယ် အလုံး(၃၀၀)ကို လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူနှင့်အတူတကွ လွှတ်တင်၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် မီးပုံးပျံလွှတ်တင်သည့်အဖွဲ့မှ ရိုးရာအကများဖြင့် ဖျော်ဖြေမှုများ၊ မြို့ချစ်မီး(ညမီးကျည်)အပါအဝင် ညမီးကျည် မီးပုံးပျံ သုံးလုံး၊ တိမ်ကြယ်မီး(စိန်နားပန်)အပါအဝင် စိန်နားပန် မီးပုံးပျံခုနစ်လုံးကို တစ်ဖွဲ့ချင်းစီလိုက် တပျော်တပါး ပျော်ရွှင်စွာဖြင့် လွှတ်တင်ပူဇော်နေမှုများ၊ ရိုးရာအကအလှများဖြင့် ပျော်ရွှင်မြူးတူးကပြနေမှုများကို ကြည့်ရှုအားပေးပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ကြောင်း၊ ပွဲတော်လာရောက်သည့်ပရိသတ်များ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများ စုစုပေါင်း ၃၀၀၀၀ ဦးခန့်ရှိကြောင်း၊ တန်ဆောင်တိုင်ကာလတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ စေတီများ၊ အထင်ကရနေရာများတွင် ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်ခဲ့ပြီး အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)















မောင်းသူမဲ့ယာဉ်များအကြောင်း တစေ့တစောင်း



မောင်းသူမဲ့လေယာဉ်(Unmanned Aerial Vehicle) သည် အရပ်စကားဒရုန်း(Drone)ဟူသောအမည်ဖြင့် လူသိများသော လေယာဉ်တစ်မျိုးဖြစ်ပြီး ပိုင်းလော့ခေါ်လေယာဉ်မှူးမှ တက်မောင်းစရာမလိုသော ယာဉ်ဖြစ်သည်။ ဒရုန်းများသည် မောင်းသူမဲ့လေယာဉ်စနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ၄င်းနှင့် ဆက်သွယ်ရန် မြေပြင်ထိန်းချုပ်စက်နှင့်တွဲ၍သုံးရသည်။ ယင်းသို့ ထိန်းချုပ်ရန်ကိုမူ လူသားစက်ကိုင်များကို သုံးရသဖြင့် အဝေးထိန်းလေယာဉ်မောင်းစနစ်ဖြင့် မောင်းနှင်သောလေယာဉ်(Remotely Piloted Aircraft)ဟုလည်း ခေါ်နိုင်သည်။ သို့သော် ထိန်းသည်ဆိုခြင်းမှာလည်း အစားစားရှိပြီး လူကကြားဝင်ထိန်းစရာမလိုသည့် အလွန်အဆင့်မြင့်သော အဆင့်များအထိ ရှိ၏။

မူလက ၂၀ ရာစု စစ်ရေးစစ်ရာကိစ္စများ၌ လူသည် အရေးပါသော စစ်ဘက်ပိုင်ဆိုင်မှုဖြစ်လာ၍ လူသားတို့သွားရန် မသင့်သော အလင်းအားနည်းပြီး ညစ်ပတ်လွန်းသောနေရာ၊ အန္တရာယ်များသည့်နေရာများကို စေလွှတ်ရန် မျှော်မှန်းတီထွင်ခဲ့ကြခြင်းဖြစ်သည်။ နည်းပညာမြင့်မားလာပြီး ကုန်ကျစရိတ်ကျဆင်းလာခြင်းကြောင့် စစ်ဘက်မဟုတ်သော အသုံးများပါရှိလာသည်။ ယင်းသုံးစွဲမှုတို့တွင် ဝေဟင်ဓာတ်ပုံရိုက်ကူးရေး၊ ထုတ်ကုန်ဖြန့်ဝေရေး၊ စိုက်ပျိုးရေး၊ ထောက်လှမ်းရေး၊ စောင့်ကြပ်ကြည့်ရှုရေး၊ အဆောက်အအုံစစ်ဆေးရေး စသည့်တို့နှင့် ဒရုန်းပြိုင်ပွဲများအထိ ပါဝင်လာခဲ့သည်။

မောင်းသူမဲ့ ထိန်းချုပ်နိုင်သည့်နည်းပညာကို ကမ္ဘာပေါ်မှ အခြားနိုင်ငံများထက်ဦးအောင် တရုတ်နိုင်ငံက အရှိန်မြှင့်ထုတ်လုပ်နေပြီး အလုပ်အကိုင် အခွင့်အလမ်းများကို ခြိမ်းခြောက်နေသည်ဟု ရိုက်တာသတင်းဌာနမှ ထုတ်ပြန်ကြေညာခဲ့ဖူးသည်။ များမကြာမီက တရုတ်နိုင်ငံအလယ်ပိုင်း ဂူဟန်မြို့၏ လမ်းမများပေါ်တွင် မောင်းသူမဲ့ကားများကို စမ်းသပ်မောင်းနှင်နေပါသည်။ တရုတ်အင်တာနက်နှင့် ဉာဏ်ရည်တုနည်းပညာကုမ္ပဏီ ဘိုင်ဒူ၏ အပိုလိုဂိုးဆော့ဖ်ဝဲလ်သည် တရုတ်အလယ်ပိုင်း ဂူဟန်မြို့မှ ကွန်ရက်ထဲ၌ မြို့လူဦးရေ တစ်ဝက်ကျော်ဖြစ်သည့် ဒေသခံ ၇ ဒသမ ၇ သန်းအတွက် နေ့စဉ် ၂၄ နာရီပတ်လုံး၊ အပတ်စဉ် ၇ ရက်လုံး မောင်းသူမဲ့ကားများကို စီမံပြေးဆွဲနေပြီဖြစ်ပါသည်။ မောင်းသူမဲ့ကားများက လုပ်ငန်းစဉ်တစ်ခုလုံးကို ကြီးကြပ်ရုံသာမက အကူအညီလိုအပ်လျှင်လည်း ကိစ္စတစ်ခုခုပေါ်သည့်အခါ တိုက်ရိုက်ဆက်သွယ်ပြီး အကူအညီတောင်းနိုင်သည့်ဝန်ဆောင်မှုကို ထည့်သွင်းထားပါသည်။

အပိုလိုဂိုးကြောင့်ဖြစ်ပေါ်လာသည့် လူသားယာဉ်မောင်းများ၏ စိုးရိမ်ချက်များနှင့်ပတ်သက်ပြီး မှတ်ချက်တောင်းခံရာတွင် ကုမ္ပဏီမှ မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ပါသည်။ မြို့တွင်းခရီးတိုများ၏ အစိတ်အပိုင်းအများအပြားကို မောင်းသူမဲ့ရိုဘော့တက္ကစီများမှ ကြီးစိုးထား၍ ဝင်ငွေထိခိုက်သည်ဟု ရိုက်ဘာသတင်းဌာနက လိုက်လံမေးမြန်းသည့် ယာဉ်မောင်းများက ဖြေပါသည်။ ၂၀၃၀ ခုနှစ်တွင် တရုတ်နိုင်ငံ၏ မြို့ပေါင်း ၁၀၀ အထိ တိုးချဲ့မည့် အစီအစဉ်များကို ဘိုင်ဒူကုမ္ပဏီမှ ကြေညာခဲ့ပြီး ဂူဟန်မှာ နောက်ထပ်ရိုဘော့တက္ကစီ စီးရေ ၁၀၀၀အထိ ထပ်တိုးရန် ရည်မှန်းထားသည်ဟု ဆိုပါသည်။

အလားတူ မောင်းသူမဲ့မော်တော်ကား ရှေ့ပြေးပုံစံများကို ကယ်လီဖိုးနီးယားလမ်းများနှင့် အဝေးပြေးလမ်းမများပေါ်တွင် လူ့အကူအညီမပါဘဲ စမ်းသပ်မောင်းနှင်ရာတွင် အခြေအနေ တိုးတက်ကောင်းမွန်သည်ဟု ကယ်လီဖိုးနီးယားသယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့ကလည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ချက်အရ သိရှိရကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။ ယခုထုတ်ပြန်ချက်သည် အများပြည်သူလမ်းမများပေါ်တွင် မော်တော်ကား ၁၀၀ ကျော်ကို စမ်းသပ်မောင်းနှင်ပြီး ကုမ္ပဏီ ၁၁ ခုက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာများနှင့်လည်း ကိုက်ညီမှုရှိသည်ကို တွေ့ရသည်။ ကုမ္ပဏီ ၁၁ ခု၏ စမ်းသပ်မောင်းနှင်မှုမှာ နည်းပညာဖွံ့ဖြိုးတိုးတက်ရာ နေရာဖြစ်သော စီလီကွန် ဗဲလီးဝန်းကျင်ဒေသများတွင် စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မှုရလဒ် အစီရင်ခံစာများကို ကယ်လီဖိုးနီးယားပြည်နယ် မော်တော်ယာဉ်ဌာနသို့ ပေးပို့ခဲ့ပြီး အဆိုပါဌာနက အွန်လိုင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီများ၏ စမ်းသပ်မှုများကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာအထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထိုအချိန်ကမူ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် လူများက ကားပေါ်တွင် ပါရှိသော ကွန်ပျူတာဆော့ဖ်ဝဲများဖြင့် ထိန်းချုပ်ဆောင်ရွက်ခဲ့ခြင်းလည်းဖြစ်သည်။ ဂူးဂဲလ်၏ မောင်းသူမဲ့မော်တော်ကား စီမံကိန်းအဖြစ် မကြာမီက ဆောင်ရွက်ခဲ့သော Waymo အစီအစဉ်က အခြားသော ကုမ္ပဏီ ၁၀ ခုထက် စမ်းသပ်မှုများကို ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိထားသည်။ မကြာသေးမီက ဂူးဂဲလ်၏ စမ်းသပ်မှုတစ်ခုတွင် မိုင်ပေါင်း ၆၃၅၀၀၀ ရှိပြီး ထိုခရီးစဉ်၌ နည်းပညာအရ အခက်အခဲတစ်စုံတစ်ရာချို့ယွင်းမှု (သို့မဟုတ်)ကားလည်ပတ်မှုစနစ် ရပ်ဆိုင်းသဖြင့် လိုက်ပါလာသော ယာဉ်မောင်းက ဝင်ရောက်ထိန်းသိမ်းရသော အကြိမ် (၁၂၄)ကြိမ်ရှိခဲ့သည်။ ဂူးဂဲလ်စမ်းသပ်ချက်တွင် တွေ့ရသော ချို့ယွင်းမှုမှာ မိုင်ပေါင်းတစ်သောင်းတွင် နှစ်ကြိမ်နှုန်းလောက်သာရှိသဖြင့် ယခင်နှစ်က စမ်းသပ်ချက်ရလဒ်ဖြစ်သော မိုင်တစ်သောင်းတွင် ရှစ်ကြိမ်နှုန်းအောက်များစွာ ကျဆင်းခဲ့သည်ကို တွေ့ရသည်။

Waymo မှ လေ့လာဆန်းစစ်ရေးမှူးက ဤအခြေအနေကို တိုးတက်မှုအဖြစ် အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Consumer Watchdog အဖွဲ့မှ ဂျွန်ဆင်ပဆင်ကမူ ဤနှုန်းမှာ လမ်းမများပေါ်တွင် လက်တွေ့သွားလာနိုင်ရန် အသင့်မဖြစ်သေးကြောင်း ဝေဖန်ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် အနာဂတ်ကာလတွင် မောင်းသူမဲ့ယာဉ်များသည် အမျိုးအစားအစုံနယ်ပယ်ပေါင်းစုံတွင် ပေါ်ပေါက်လာနိုင်မည်ဖြစ်ပြီး နည်းပညာသည်လည်း ယနေ့ထက် ပိုမိုမြင့်မားလာဖွယ်ရှိနေပါသည်။ ထိုကြောင့် မောင်းနှင်သူ၏ အမှားအယွင်းကြောင့် ထိခိုက်ဆုံးရှုံးရမှုများ နည်းလာနိုင်သလို တစ်ဖက်တွင်လည်း နည်းပညာ၏ မမျှော်လင့်သော တန်ပြန်ဆိုးကျိုးများကြောင့် ဆုံးရှုံးရမှုများ ရှိလာနိုင်ပါသဖြင့် ချိန်ဆ၍ သုံးစွဲကြခြင်းဖြင့်သာ အကျိုးကျေးဇူးများခံစားရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကိုးကား - ရိုက်တာသတင်းဌာနမှ သတင်းများနှင့် wikipeidia from Google.

ကိုစုံ(ပုသိမ်)

မန္တလေးမြို့အပါအဝင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ အဆောက်အအုံအမိုးများတွင် ဆိုလာတပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချနိုင်ရေး ဖိတ်ခေါ်



မန္တလေး နိုဝင်ဘာ ၂၄

မန္တလေးမြို့အပါအဝင် နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ အဆောက်အအုံများ၏ အမိုးပေါ်တွင် အမိုးတင်ဆိုလာစနစ် (Rooftop Solar) တပ်ဆင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချသည့် အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ကြရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဖိတ်ခေါ်ထားသည်။ **(အပေါ်ပုံ)**

အဆိုပါအစီအစဉ်ကို ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဈေးစသည့် နိုင်ငံပိုင်အဆောက်အအုံများအပြင် စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အဆောက်အအုံများ၏ အမိုးပေါ်တွင် ဆိုလာစနစ်များ တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဒုတိယအဆင့်အနေဖြင့် လူနေအိမ်အဆောက်အအုံများတွင်ပါ အမိုးတင်ဆိုလာစနစ်များ တပ်ဆင်နိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား သုံးစွဲသူများအဖြစ်မှ လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်ထုတ်လုပ်သုံးစွဲသူများအဖြစ်သို့ ပြောင်းလဲလာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းအမိုးတင်ဆိုလာစီမံကိန်းများ လျင်မြန်စွာ ပေါ်ပေါက်လာစေရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ယင်းစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ကြရန်နှင့် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



ကော်ဖီလုံးစို တစ်ပိသာလျှင် ငွေကျပ် ၇၂၀၀ အထိ ဈေးရရှိ

တောင်ကြီး နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ် ဖာမွန်းအနောက်ဒေသတွင် ကော်ဖီလုံးစိုဈေးနှုန်းသည် အရည်အသွေးပေါ်မူတည်၍ တစ်ပိသာလျှင် ငွေကျပ် ၆၅၀၀ မှ ၇၂၀၀ အထိ ရရှိနေသည်။

နိုဝင်ဘာ ၁၉ ရက် ဈေးနှုန်းများအရ ဖာမွန်းအနောက်ဒေသတွင် အရည်အသွေးကောင်းမွန်သည့် နီရဲမှည့်ကော်ဖီသီး တစ်ပိသာလျှင် ငွေကျပ် ၇၂၀၀၊ အသီး အရည်အသွေး အနည်းငယ်နိမ့်ပါက ငွေကျပ် ၆၅၀၀ ရရှိနေသည်။

အခြားဒေသများတွင်လည်း ပင်လုံနှင့် ကျောက်တလုံးရွာ၌ ကော်ဖီလုံးစို တစ်ပိသာလျှင် ငွေကျပ် ၄၀၀၀၊ ထီရီးဒေသတွင် ငွေကျပ် ၆၀၀၀ အသီးသီး ဈေးရရှိနေသည်။ **(အပေါ်ပုံ)**

ဖာမွန်းဒေသဘက်တွင် ကော်ဖီသီးများအရည်အသွေး ကောင်းမွန်နေပြီး အသီးအရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိသည့်အတွက် ခြံရှင်များအနေဖြင့် မှည့်ဝင်းသည့် ကော်ဖီသီးများကို သာ ရွေးချယ်ခူးဆွတ်ကြရန်လည်း တိုက်တွန်းထားသည်။ **ရွေမန်း**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပြပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ဥတ္တရာသီရီ နိုဝင်ဘာ ၂၄

ပြည် ထောင် စု နယ် မြေ၊ နေပြည်တော်၊ ဥတ္တရရာရိပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပြပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက (၁၀၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပရာ ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ စာရေးဆရာမနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဝ–ဝ–ဝ–ဝ

ဝ–ဝ–ဝ–ဝ–ဝ–ဝ–ဝ

လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

ကန့်ဘလူ နိုဝင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် လယ်ယာကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးပြီး ကျေးလက်နေတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် ဒေသနှင့်ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများ အသုံးပြုတတ်လာစေရန် ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို နတ်ပေးကျေးရွာခန်းမ၌ နိုဝင်ဘာ ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ထွန်းက "စက်ကိရိယာများဖြင့် ထွန်ယက်စိုက်ပျိုးတဲ့အခါမှာ စက်ကိရိယာတွေကို ထိရောက်စွာ ပြောင်းလဲတပ်ဆင်အသုံးပြုတတ်စေရန်နှင့် ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှုကို တောင်သူများကိုယ်တိုင်ကျမ်းကျင်ပိုင်နိုင်စွာ ပြုလုပ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

သင်တန်းတွင် လယ်ယာသုံးစက်ကိရိယာများ၏ အခြေခံသဘောတရားများ၊ မောင်းနှင်ခြင်း၊ ကိုင်တွယ်ထိန်းသိမ်းမှုပြုလုပ်ခြင်းများကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသား ၁၀ ဦးတက်ရောက်ခဲ့ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ကေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ဝင်းဦမိုး(ကန့်ဘလူ)



တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်း (၁/၂၀၂၆)ဆင်းပွဲ ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် တိုက်နယ်မှူးအဆင့်ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်း (၁/၂၀၂၆)ဆင်းပွဲကို နိုဝင်ဘာ ၂၀ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်မြတ်သာက သင်တန်းမှ ပို့ချပေးလိုက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် လေ့လာကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ အရည်အသွေးပြည့်ဝသည့် တိုက်နယ်မှူးကောင်းများ ဖြစ်လာမှာ ဖြစ်ကြောင်းနှင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာတွင် လိုက်နာကျင့်သုံးအပ်သည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့သည်။

သင်တန်းသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဒုတိယပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများမှ အမှုထမ်းဝန်ထမ်း ၁၇၀ ဦးတက်ရောက်ကြပြီး အောက်တိုဘာ ၁၃ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာများကို Online စနစ်ဖြင့် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ–ဝ–ဝ–ဝ–ဝ–ဝ–ဝ


ဒေါ်ခင်ခင်ဦးက ဒီနေ့ ဘာသင်တန်းတက်ရမှာလဲ
ဦးကျော်ဇင်ကို ဒီနေ့ သင်တန်းတက်ရမှာ
ဟုတ်ကဲ့ ဒီနေ့ သင်တန်းတက်ရမှာ
ဒီနေ့ သင်တန်းတက်ရမှာ ဟုတ်ကဲ့

တန်ဆောင်မုန်းလပြည့်(သာမညပလအခါတော်)နေ့၌ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားအနေကဇာတင်ခြင်း အလှူတော်မဂ်လာကျင်းပ



လာရှိ- နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်)နေ့၌ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်း၊ ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားအနေကဇာတင်ခြင်း အလှူတော်မဂ်လာကို ယနေ့နံနက် ၅ နာရီခွဲက အဆိုပါ ဘုရားကြီး ပရဝဏ်အတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် တာဝန်ရှိသူများက မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး မျက်နှာတော်သစ်ပူဇော်ခြင်းနှင့် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆီးမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီးများဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်များက ဘုရားအနေကဇာတင်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မြတ်စွာဘုရားနှင့် ဆရာတော်၊ သံဃာတော်များအား သြကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ပြီး ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရား များက မဟာမြတ်မုနိရုပ်ရှင် တော်မြတ်ကြီး မျက်နှာတော်သစ် ပူဇော်ခြင်းနှင့် ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆီးမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် သစ်သီး များဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာ တော်များက ဘုရားအနေကဇာ တင်ကြသည်။

ထို့နောက် တက်ရောက်လာ ကြသည့် ဧည့်ပရိသတ်များက မြတ်စွာဘုရားနှင့် ဆရာတော်၊ သံဃာတော်များအား သြကာသ ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ ပြီး ဆရာတော်ထံမှ ကိုးပါးသီလခံ ယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရား တော်များ ရွတ်ဖတ်ပူဇော်ခဲ့ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း နှင့် တာဝန်ရှိသူများက ဆရာ တော်၊ သံဃာတော်များအား လှူ ဖွယ်ဝတ္ထု အစုစုအား ဆက်ကပ် လှူဒါန်းခဲ့ကာ လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေခဲ့ပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား အရက်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
လူမော်(ပြန်/ဆက်)
ဝ-ဝ-ဝ-ဝ-ဝ-ဝ

ရှေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး(အဋ္ဌမအကြိမ်) လုံးတော်ပြည့်ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး(ပထမအကြိမ်) အလှူတော်ငွေပေးအပ်ပွဲကျင်းပ

တောင်တွင်းကြီး- နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ရှေးဟောင်း သမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်း တောင်စေတီတော်မြတ်ကြီး (အဋ္ဌမအကြိမ်)လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး (ပထမအကြိမ်) အလှူတော်ငွေပေး အပ်ကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ဘုရားကြီးဝင်းအတွင်း ရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို နေမော တသ သုံးကြိမ်ရွတ်ဆိုကန်တော့ ၍ ဖွင့်လှစ်ခဲ့ပြီး မြို့နယ်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာ တော် ဘဒ္ဒန္တစာရိတ္တထံမှ သီလ ခံယူတည်ဆောက်ကြပြီး နယ် မြေခံတပ်မှူး ဗိုလ်မှူးကြီး ဇော် လင်းထွန်း မိသားစုနှင့် တပ် မိသားစုဝင်များ၊ မြို့နယ်စီမံခန့် ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင် များ၊ ဌာနဆိုင်ရာများက စုပေါင်း ၍ ရွှေသင်္ကန်းတော် အလှူငွေ ကျပ် ၇၂၃၇၂၀၀၀ ကို ဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေး မှူးများထံ လှူဒါန်းခဲ့သည်။

ထို့နောက် သံဃာတော်များ ရွတ်ပွားချီးမြှင့် တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော် များကို နာယူကြည်ညိုခဲ့ပြီး ၎င်း ပစ်တောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မကွေးတိုင်း ဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မာနိတထံမှ လှူဒါန်းမှုအစုစု အတွက် အနုမောဒနာ တရား နာယူပြီး ရေစက်သွန်းချအမျှ ပေးဝေခဲ့၍ အခမ်းအနားကို ဗုဒ္ဓ သာသနံ စိရံသိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



(ဝဲပုံ)
နောင်နောင်(ဗိသန်းမြေ)

မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၉၃)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

မန္တလေး- နိုဝင်ဘာ ၂၄

မန္တလေး၊ မဟာမြိုင်(၁) ရပ်ကွက်နေ မိဘပြည်သူများ စုပေါင်း၍ (၉၃)ကြိမ်မြောက် ဘုံဆွမ်းလောင်း၊ စာရေးတံမဲ လောင်းလှူပွဲကို တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလအခါ တော်နေ့) နံနက် ၄ နာရီခွဲက ၃၅လမ်း၊ ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွတော်မူ လာကြသော သံဃာတော်နှင့် သာမဏေ အပေါင်း ၃၅၀ ကျော် တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ငါးခြောက်ကြော်၊ သရက်ချဉ် သုပ်၊ ဆပ်ပြာမှုန့်၊ သံဃာတော် နှင့် သာမဏေတစ်ပါးလျှင် နဝ ကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး ဘုံဆွမ်းလောင်း အသင်းနာယက လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးအေးမြင့် (PR)၊ ဒေါ်ခိုင်ဝေဖြိုး ပြည် ခိုင်ဖြိုးအတွင်းရေးမှူး မဟာအောင် မြေမြို့နယ်၊ အသင်းတည်ထောင် သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော် (ဗီတိသုခမိသားစု)၊ လစဉ် - လဆန်း ၁ ရက်နေ့တိုင်း ဝက် သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိ အိချော ကောင်းထက်မဟာမိသားစု များ၊ ကာဇာတိုင်းပြည်မိသားစု များ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး၊ မိခင်ကြီးဒေါ်တင် ရီအား ရည်စူး၍ ဦးသိန်းတန် သားသမီးမြေးတစ်စု၊ မဟာမြိုင် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဖခင်ကြီး ဦးချိန်စီ+မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူး ထား၍ သား မောင်ကျော်သက် ဦး မောင်နှမတစ်စု၊ ဦးရိမ်ပါ ထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကို ညီ အစ်ကိုမောင်နှမတစ်စု၊ ဦးဇော် ထွန်း+ဒေါ်နန်းရတနာမိုး ပန် တော်ဦး အမျိုးသမီးအဆောင် - မင်းကွန်းသားလေး အိမ်ခြံမြေ မိသားစုများ၊ ဦးကျော်ဝင်းစိန်+ ဒေါ်အေးအေးဆွေ၊ (သမီး)မဝင်း မာလာကျော် တိမ်လွှာအလှုပြင် ဆိုင်၊ ဒေါ်မေသဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း+ဒေါ်အေးအေး စန်းUnit Solar မိသားစု၊ ဦးတူး +ဒေါ်အေးအေးမြင့် မိသားစု၊ ဦးအားချုန့်+ဒေါ်ကျန်းထုံး မိသား စု၊ ဖခင်ကြီး ဦးမိုလ်သန်းအား ရည်စူး၍ မိခင်ကြီး ဒေါ်ချိုချို တို့အား အမှူးထားလျက် ဦးရဲ လင်းမောင်+ဒေါ်ဟေမာသိန်း မိသားစု မြို့သစ်(၁)ရပ်ကွက်၊ လစဉ် ငပိငါးခြောက်ကြော်အလှူ ရှင် ဦးတင်လင်း+ဒေါ်ခိုင်ဝေဖြိုး(အတွင်းရေးမှူး)၊ (သမီး)မပိုး ရတီခေတ်၊ မိခင်ကြီး ဒေါ်နန်းမွေ အားရည်စူး၍ ဖခင်ကြီး ဦးသန်း ထွန်းဝင်းအား အမှူးထား၍ ဦးသက်မင်းထွန်း+မအိသီရိမင်း မောင်ဟိန်းသန့်ခင်၊ ဦးအောင်သန်း လှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ အဘ(ဦးစံသာ)+အမိ(ဒေါ်အုန်း စိန်)တို့အား ရည်စူး၍ (GOLD-EN KEY CAFFEE) မိသားစု များ၊ လစဉ် ဆန်တစ်အိတ်၊ ဆီ တစ်ပုံး အလှူရှင် ရဲမွန်တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်း မြင့်ဦး+ဒေါ်ဌေးဌေးလွင်မိသားစု၊ ဦးနေမင်းအောင် OLIVECO. CO.,LTD. မိသားစုများ၊ ကွယ် လွန်သူ ဦးသိန်း+ဒေါ်ခင်ရှိန်တို့ အား ရည်စူး၍ ဦးကိုကိုဝင်း+ ဒေါ်ကြူကြူဝင်း၊ (သား)ကျော် ဇော်လွင် မိသားစု၊ မဟာမြိုင်(၁) ရပ်ကွက်နေ မိဘပြည်သူများ ဘုံ ဆွမ်းလောင်းအသင်းသူ၊ အသင်း သားများစုပေါင်း၍ သင်္ကန်း ၂၁ စုံ၊ နဝကမ္မဝတ္ထုငွေကျပ် ၂၀၀၀၀ တို့ကို စာရေးတံမဲဖောက်၍ လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
(ကဆ)

ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး- နိုဝင်ဘာ ၂၄

နိုင်ငံတော်သံဃမဟာနာယ ကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင် အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မစရိယ၊ B.A)ထံမှ ရေစက် ချအနုမောဒနာတရား နာယူ ကြည်ညိုကြပြီး ဦးကျော်ဟိုး၊ ဒေါ်ကြင်ဂုဘို့အား ရည်စူး၍ မန္တလေးမြို့နေ အလှူရှင် ဦးခင် မောင်ချို + ဒေါ်ကံတာဥမ္မာ၊ (သား) ကို အောင် ခန့်ညား၊ ကိုအောင်ကျော်စွာ(KMC ကိုယ် ပိုင်အထက်တန်းကျောင်း)မိသားစု က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် ယခင်လှူဒါန်းပြီး ငွေ ကျပ် သိန်း၅၀၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၁၀သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း၆၀ကို ပေးအပ် လှူဒါန်းရာ ဥပတ္ထမ္ဘကအဖွဲ့ တွဲ ဖက်အတွင်းရေးမှူး ဦးကျော်ဝင်း၊ ဦးမြင့်စိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။



အဆိုပါ အလှူရှင်မိသားစု က ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော် များ၊ သင်တန်းသားသံဃာတော် များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ ကြောင်း သိရသည်။ **(အပေါ်ပုံ)**
(PNT)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည့်လှူဒါန ။ မီးမရှို့၊ငမြေမမြုပ်၊ စက္ခုတွေကို ဒါနလုပ် ။

အယ်လ်နီညိုရာသီဥတုဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

အောင်လံ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားမှုနှင့် သဘာဝဘေး အန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီက ကျီရုပ်ကုန်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွေက အယ်လ်နီညိုရာသီဥတုဆိုင်ရာ သတိပြုရမည့် အချက်များ၊ ရေရှားပါးမှုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိရန် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းဦးက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရာသီဥတုပူပြင်းချိန်တွင် ဖြစ်ပွားတတ်သည့် မီးဘေးအန္တရာယ်နှင့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းလှအောင်က အယ်လ်နီညိုရာသီဥတုကြောင့် သီးနှံများ ထိခိုက်ပျက်စီးမှု မရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် ရေအရင်းအမြစ် အကျိုးရှိစွာ အသုံးချရေးနည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာ ဗဟုသုတများနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိလိုက်နာနိုင်ရေးကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ **(ဝဲပုံ)**



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



ချောက်မြို့ မဟာအေးစေတီမြတ်စွာဘုရား (၉၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ သံဃဒါနဆွမ်းလောင်းလှူခြင်းနှင့် စာရေးတံမဲဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

ချောက် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့ မဟာအေးစေတီမြတ်စွာဘုရား (၉၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်၌ သံဃဒါနဆွမ်းလောင်းလှူခြင်းနှင့် စာရေးတံမဲ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက မဟာအေးစေတီမြတ်စွာဘုရားရင်ပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ချောက်မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်(၅၄၈)ပါး ကြွရောက်ခဲ့ပြီး မြို့နယ်သာသနာရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဗိုလ် ဦးဆောင်သည့် အလှူရှင်များက သံဃာတော်များအား သံဃာဒါန ဆွမ်းလောင်းလှူခြင်းနှင့် စာရေးတံမဲများဆက်ကပ် လှူဒါန်းခဲ့သည်။

ထို့နောက် နံနက် ၉ နာရီတွင် မြို့နယ်ဩဝါဒါစရိယ၊ မဟာအေးစေတီမြတ်စွာဘုရား ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မဟာအေးစေတီကျောင်းတိုက် ဦးစီးပဓါနနာယက ဆရာတော် ဘဒ္ဒန္တပညာဝံသ မှ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကျော်မိုး(ပြန်/ဆက်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီရောက်ရှိလာပြီး မီးလောင်မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရန်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးမီးသတိပေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ချမ်းမြသာစည်တောင်ရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်တောင်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မီးသတိမှုရေး သတိပေးခြင်း၊ အရေးပေါ်ရေသိုလှောင်ထားရှိမှုများ စစ်ဆေးခြင်း၊ ဟောင်းနွမ်းဆွေးမြေ့နေသည့် လျှပ်စစ်ဝါယာကြိုးများနှင့် မီးပလတ်ခုံများ အသုံးမပြုစေရန် စစ်ဆေးအကြံပြုခြင်း၊ မီးသတိမှုရေး သတိပေးလက်ကမ်းစာစောင်များဝေငှပေးခြင်းနှင့် 191Report application ကို ပြည်သူများ အသုံးပြုတတ်စေရန် ထည့်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၆၉)



ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ကိုရီးယားဘာသာစကား ပညာဒါနသင်တန်းဖွင့်လှစ်

မန္တလေး နိုဝင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)နှင့် Myanmar Education Culture Center တို့ ပူးပေါင်းဖွင့်လှစ်သော ကိုရီးယားဘာသာစကား သင်တန်း ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဇင်လတ်၊ အထွေထွေအတွင်းရေးမှူး ဦးသန့်ဇင်လှိုင်၊ အမျိုးသမီးရေးရာလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေး၊ လူမှုရေးရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးလှဝင်း၊ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌဦးဝဏ္ဏ နှင့် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် Myanmar Education Culture Center မှ Mr.Chungက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**





မြစိမ်းရောင်ကျေးရွာစီမံကိန်းပြင့် စနစ်ကျသောစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းယောင်း နိုဝင်ဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟောင်ကြန့်ကျေးရွာအုပ်စု၊ ဝမ်ပါမန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင် ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့်တာဝန်ရှိသူများသည် ဝမ်ပါမန်းကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီးတစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန်နှင့် ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။ **(အပေါ်ပုံ)**

ဝမ်ပါမန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို လည်ပတ်ရန်ပုံ ငွေကျပ်သိန်း(၃၀၀)ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ စုစုပေါင်း ၃၈ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၅၀၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ၄င်းရန်ပုံငွေများဖြင့် စနစ်ကျသောစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကာရံ (ကျေးလက်)**

ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ် မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌပလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



တောင်တွင်းကြီး နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန့်နေ့ မွန်းလွဲပိုင်းက တောင်တွင်းကြီးဖြို့ ရန်ပယ် အားကစားကွင်းအတွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီး ဇော်လင်းထွန်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၂၅)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ပထမဆုရ တောင်တွင်းကြီးမြို့နယ် ကိုယ်စားပြုအသင်းမှ ဆုဖလားအပ်နှံခြင်းနှင့် ဂုဏ်ပြုအမှတ်တရ လက်ဆောင် ချီးမြှင့်ခဲ့သည်။ ထို့နောက် နယ်မြေခံတပ်မှူးက ဆုရရှိခဲ့သည့် တောင်တွင်းကြီးမြို့နယ် ကိုယ်စားပြုအသင်းအား ဂုဏ်ပြုချီးမြှင့်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံး ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားရာ အားကစားလောက ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ယခုလို ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း အားကစားသမားများ အနေဖြင့် မြို့နယ်မှသည် ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့်မှ နိုင်ငံကိုယ်စားပြု ကစားသမားများ ဖြစ်ပေါ်လာမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုပြီး ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ ဘင်ခရာအဖွဲ့နှင့် ပန်းပွားအဖွဲ့အား တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်ဦးလွမ်းမိုးထက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဖြင့်က ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင် အသင်း(၂၁)သင်းအား အုပ်စု(၄)အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ပထမဆုံးပွဲစဉ်အဖြစ် ရွှေကြာအင်း(၁)ဘောလုံးအသင်းနှင့် ချောင်းနက်(အရှေ့စု)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရွှေကြာအင်း(၁)မှ ချောင်းနက်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

(အပေါ်ဝံပုံ)

ဦးမျိုး(ဗိသနိုးမြေ)



သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခိုင်မံနင်းရေးအတွက် အာဘိတ်ဆေးခတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခိုမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများကို ယနေ့ နံနက်ပိုင်းက စိန်ပန်းရပ်ကွက်၌ ကွင်းဆင်းဆောင်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မဟာအောင်မြေမြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း(ခ)ဦးယဉ်မောင်ထွန်း၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဒေါ်ဖြိုးသန္တာနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခိုမ်နင်းရေးနှင့် ပိုးလောက်လမ်း နိမ့်နင်းရေး လုပ်ငန်းဖြစ်သည့် ခြင်လောက်လမ်း သေဆေးအာဘိတ်ဆေးခတ်ခြင်းများကို မဟာအောင်မြေမြို့နယ်တွင် စဖွဲ့၍ တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၆)

--*-*-*

တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲ ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် တတိယအကြိမ်မြောက် ကျင်းပသည့် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျ၊ ဥက္ကဋ္ဌရရှိင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် MSME အသင်းဒုတိယဥက္ကဋ္ဌ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲဝင် များ၊ ဒိုင်ချုပ်နှင့်ဒိုင်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

(အောက်ပုံ)

အဆိုပါပြိုင်ပွဲတွင် နေပြည်တော် ကောင်စီဝင်က အဖွင့်အမှာစကား ပြောကြားပြီး နေပြည်တော်ကောင်စီဝင်နှင့် ဥတ္တရရရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နောက် ပြိုင်ပွဲဝင်လာသည့် မြန်မာ့ရိုးရာနွားလှည်းယဉ်ကြေးနှင့် နွားအလှများ စီတန်းလှည့်လည်ပြသခြင်း၊ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်အကဲဖြတ်ခဲ့သည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ နွားလှည်းယဉ်ကြေးနှင့် နွားအလှများဖြစ် လှည်းအစီးရေ ၂၀ စီး ပါဝင်ယှဉ်ပြိုင်၍ (A)အဖွဲ့နှင့် (B)အဖွဲ့ အုပ်စုခွဲ ယှဉ်ပြိုင်ကာ ပထမဆုဌေ သိန်း ၅၀၊ ဒုတိယဆုဌေ သိန်း ၃၀၊ တတိယဆုဌေ သိန်း ၂၀၊ အထူးဆုများနှင့် နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲဝင်များကို လှည်း ချီးမြှင့်ငွေများပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်ပြိုင်ပွဲ ကျင်းပရေးကော်မတီထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပိသားစုနှင့် စာပတ်ကြစို့ (Read Together) အစီအစဉ်ဖြင့် Family Reading Day ကျင်းပ

အမရပူရ နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန အနေဖြင့် မိသားစုနှင့်စာဖတ်ကြစို့ (Read Together) အစီအစဉ်ဖြင့် Family Reading Day ကို အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန (Community Centre) လူထုအခြေပြုဗဟိုဌာနဌ၌ ယမန်နေ့ ညနေ ၃ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန္တာထွန်းက မိဘများအနေဖြင့် မိမိတို့၏ကလေးငယ်များကို အတူတကွ အချိန်ပေးပြီး စာပေဖတ်ရှုခြင်း၊ စာဖတ်ပြခြင်းဖြင့် ကလေးငယ်များ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မိဘများက မိမိတို့၏ ကလေးငယ်များနှင့်အတူ ပုံပြင်စာအုပ်များ၊ ကာတွန်းစာအုပ်များ ဖတ်ပြခြင်း၊ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ကလေးငယ်များအား ပုံပြင်ပြောပြခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝေလင်းအောင်(ပြန်/ဆက်)

--*-*-*

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

မောက်မယ် နိုဝင်ဘာ ၂၄

ကျောင်းသား၊ ကျောင်းသူများအတွက် စာဖတ်သူလူငယ်များ၏ အနာဂတ်တောက်ပရမည် ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မောက်မယ်မြို့နယ်၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက ကျောင်းသား၊ ကျောင်းသူများအတွက် စာဖတ်သူ လူငယ်များ၏ အနာဂတ်တောက်ပရမည် ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ဒေသခံတိုင်းရင်းသား လူငယ်လူရွယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ် စေပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား ခွဲခြားသိမြင်လာစေရန်၊ အတွေး အရွေးမမှားဖို့ လိုအပ်ခြင်းနှင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ လူငယ် စာပေကလပ်ကို စတင်ဖွဲ့စည်းခဲ့ပြီး အ.လ.က(ခွဲ) (ဈေးတန်း) Grade-9 မှ ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်ရာ စာအုပ်ပါအကြောင်း အရာများ မိတ်ဆက်ပြောဆိုခြင်းနှင့် ဖတ်ရှုထားသောစာအုပ်များ အပေါ် သုံးသပ်ချက်များကို အပြန်အလှန် တင်ပြဆွေးနွေးခဲ့ကြပြီး လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမတွင် ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အယ်လ်နီညို အပူဒဏ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံများအား စိတ်ဝင်တစားကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



ရွှေဂူမိဘမဲ့ပရဟိတမူလတန်းလွန်ကျောင်း၌ လူငယ်နှင့် ပညာရေးစကားဝိုင်း ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၂၄

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ရွှေဂူ မိဘမဲ့ပရဟိတ မူလတန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရေးဦးစွာ ကြားခံဆွေးနွေးသူ အဖြစ် ဆောင်ရွက်သူ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူများဖြစ်ကြသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်တို့က ဦးဆောင်ဆွေးနွေး၍ မောင်လပြည့် Grade-8 က လူငယ်နှင့်ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ယဉ်မင်းအောင် Grade-8 က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မရှင်းသန့်နေခြည် Grade-8 က လူငယ်နှင့် ပြင်ပစာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၁)

--*-*-*-*-*





သရက်မြို့၌ ကလေးသူငယ်များအား အသိပညာပေးခြင်းများ ဆောင်ရွက်

သရက် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ဆောင်ရွက်ခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ကလေးသူငယ်များကို ဘဝတိုးတက်ရေး အတွက်စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသုက ကလေးသူငယ်များအား ပုံပြင်ပြောခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကလေးသူငယ်များအား စာကြည့်တိုက်အသုံးပြုနည်းများ၊ စာကြည့်တိုက်စာရင်းဝင်ပုံများ၊ နံရံကပ်စာစောင်ပြသခြင်းများ၊ စာအုပ်ပြပွဲများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝေယံ(သရက်)

o-o-o-o-o-o

တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

ကံမ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ဆောင်းရာသီ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာမြို့ဖြိုးရေးဘဏ်မှ ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား စတင်ထုတ်ပေးရာ ယမန်နေ့ နံနက် ၁၀ နာရီက ရေနံ့သာကျေးရွာအုပ်စုမှ တောင်သူ ၅၅ ဦး၏ မြေပဲနှင့် မတ်ပဲစိုက်ဧက ၁၄၉ ဧကအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၇၂ သိန်း ငါးသောင်းအား ထုတ်ပေးခဲ့သည်။

ထိုသို့ ထုတ်ပေးရာတွင် ငွေကျပ် သိန်းပေါင်း ၁၁၄၅၀ အား ထုတ်ချေးပေးရန် လျာထားပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ စသည့် ဆောင်းရာသီ စိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်း နှုန်းဖြင့် ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

ကျော်စေယျဝင်း(ကံမ)



ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးမှ တိုင်းရင်းဆေးသမားတော်များ အခမဲ့ကွင်းဆင်းဆေးကုသပေး

မန္တလေး နိုဝင်ဘာ ၂၄

(၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အက္ကတ်(၄၇)မွေ့ရုံတွင် ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးမှ သမားတော်များက တိုင်းရင်းဆေးပညာ အသိပညာပေးဟောပြောခြင်း၊ အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အခမဲ့ဆေးကုသပေးရာတွင် ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး(မန္တလေး)မှ အကြီးတန်းတိုင်းရင်းဆေးမှူး ဒေါ်သိဒ္ဓိထွန်း ဦးဆောင်သော သမားတော် ၁၄ ဦးက တိုင်းရင်းဆေးပညာပေးဟောပြောခြင်း၊ ရပ်ကွက်နေပြည်သူ ၆၅ ဦးအား အထွေထွေရောဂါများကို အခမဲ့ကွင်းဆင်းဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၀၇၀)**



တစ်အိမ်တက်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

ပုသိမ်ကြီး နိုဝင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မန်ကျည်းပင်စောက်ကျေးရွာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်၍ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီမှစတင်၍ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများ မီးဘေးအန္တရာယ် သတိပြုနေထိုင်စေရေး၊ ဆောင်ရန်၊ ရှောင်ရန်များကို တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးအကဲဖြတ်ပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပြည်သူများ မိမိတို့ ဖုန်းများအတွင်း 191 report Application ထည့်သွင်းအသုံးနည်းများကို ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာဝဲပုံ)

ရွှေရနံကင်း



မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ကိုးပင်ကျေးရွာအတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းကြေးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဖြိုးက မီးအခြေခံ သဘောတရား၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

မန္တလေး နိဝင်ဘာ ၂၄

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၀ လမ်းနှင့် မြို့ပတ်လမ်းထောင့်ရှိ စက်မှုနှင့် အသေးစား၊ အလယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)ကျောင်းအုပ်ကြီး ဒေါ်လှိုင်လှိုင်သာ၊ အောင်မြေသာစံမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကို ကိုပိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက 191 Report Application အသုံးပြုပုံကို လက်တွေ့ရှင်းလင်းပြသခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်းကို လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ကျင်းပခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ အနေဖြင့် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးပွားလာစေပြီး မီးလောင်မှုဖြစ်ပွားပါက အချိန်မီ တုံ့ပြန်ကာကွယ်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)



(ဝဂ္ဂ၀)

မအူပင်(တောင်)ရေနံမြေမှ တစ်ရက် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ သန်း တိုးမြှင့်ထုတ်လုပ်နိုင်



ရန်ကုန် နိဝင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်(တောင်) ရေနံမြေရှိ တွင်းအမှတ် (၁၅) မှ အနောက်ပေ ၅၉၀၀ ရှိ သဲကြောတစ်ခုမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ သန်း တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

လျှပ်စစ်နှင့်ဓွန်းအင်ဇင်နီကြီးဌာနအနေဖြင့် အလားအလာရှိသည့် ရေနံမြေများတွင် စူးစမ်းရှာဖွေခြင်း၊ ထုတ်ယူနိုင်မည့် ပမာဏကို တိုင်းတာစစ်ဆေးခြင်း၊ အတည်ပြုပြီးနေရာများ၌ တူးဖော်ထုတ်လုပ်ခြင်းနှင့် တွင်းဟောင်းများ ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နည်းပညာအသုံးပြု၍ သုတေသနပြုလုပ်ကာ သဲကြောများ တိုးချဲ့ရှာဖွေထုတ်လုပ်ခြင်းနှင့် ပါးလွှာသော သဲကြောများမှ သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

မအူပင်(တောင်)ဒေသရှိ အခြားတွင်းများဖြစ်သည့် တွင်းအမှတ် (၁၇) နှင့် (၁၉) တို့တွင်လည်း သဲကြောများ တိုးချဲ့ရှာဖွေ၍ သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

ကုန်းတွင်းရေနံမြေများအနက် မအူပင်ဒေသထွက် သဘာဝဓာတ်ငွေ့တွင် C3 (ပရိုပိန်း) နှင့် C4 (ဗျူတိန်း) ပါဝင်မှုများပြားသည့်အတွက် ပထမအဆင့်အနေဖြင့် မီးဖိုချောင်သုံး ရေနံဓာတ်ငွေ့ရည်(LPG)နှင့် Naphtha ဓာတ်ဆီတို့ကို ခွဲထုတ်ရယူနိုင်သည်။

ဒုတိယအဆင့် အနေဖြင့် LPG နှင့် Naphtha ခွဲထုတ်ပြီးနောက် ကျန်ရှိသည့် သဘာဝဓာတ်ငွေ့များကို ဓာတ်မြေဩဇာစက်ရုံများ၊ စက်ရုံအလုပ်ရုံများနှင့် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များသို့ ဆက်လက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မြေဆီလွှာအရည်အသွေးပြန်လည်ကောင်းမွန်စေရန် ကြံမြှုပ်ချေးကိုမြေပြုပြင်ရာတွင် အသုံးပြုသင့်

မန္တလေး နိဝင်ဘာ ၂၄

စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် မြန်မာနိုင်ငံတွင် မြေဆီလွှာအရည်အသွေး ကျဆင်းပျက်စီးမှုများသည် သီးနှံအထွက်နှုန်းနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေအပေါ် သက်ရောက်မှုရှိနိုင်သဖြင့် မြေဆီလွှာကျန်းမာရေး ရေရှည်ကောင်းမွန်စေရန် ကြံမြှုပ်ချေးကဲ့သို့သော အော်ဂဲနစ်ပစ္စည်းများကို မြေပြုပြင်ရာတွင် အသုံးပြုသင့်ကြောင်း စိုက်ပျိုးရေးဆိုင်ရာ လေ့လာသူများက အကြံပြုထားသည်။

ဓာတုပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်း၊ ရေကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝပိုင်းဆိုင်ရာ အရည်အသွေးများ ထိခိုက်နိုင်ပြီး မြေဆီလွှာအတွင်း အာဟာရဓာတ်များ လျော့နည်းလာနိုင်သည်။

ကြံမြှုပ်ချေးကို EM ဖျော်ရည်နှင့် စနစ်တကျ ရောစပ်ဆွေးမြေ့စေခြင်းဖြင့် အော်ဂဲနစ်မြေဩဇာအဖြစ် အသုံးပြုနိုင်ပြီး NPK အာဟာရဓာတ်များနှင့် အနည်းလို အာဟာရဓာတ်များ ဖြည့်တင်းပေးနိုင်သည့်အပြင် မြေဆီလွှာအတွင်း အော်ဂဲနစ်ပစ္စည်းပါဝင်မှုတိုးလာစေရန်လည်း အထောက်အကူပြုနိုင်သည်။



အော်ဂဲနစ်မြေဩဇာများ အသုံးပြုခြင်းသည် မြေဆီလွှာ၏ ရေထိန်းနိုင်စွမ်းနှင့် မြေသားဖွဲ့စည်းပုံကို ကောင်းမွန်စေရန်၊ အကျိုးပြုအဏုဇီဝပိုးများ ရှင်သန်ပွားများနိုင်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် အထောက်အကူပြုနိုင်သည်။

ကြံမြှုပ်ချေးအခြေခံ အော်ဂဲနစ် မြေဩဇာကို အလုံးနှင့် အမှုန့်ပုံစံများဖြင့် အသုံးပြုနိုင်ပြီး မြေခဲမြေဩဇာအဖြစ် သီးသန့်အသုံးပြုနိုင်သကဲ့သို့ အခြားကွန်ပေါင်းမြေဩဇာများနှင့်လည်း တွဲဖက်အသုံးပြုနိုင်သည်။

စပါး၊ ပြောင်းကဲ့သို့သော သီးနှံများအပြင် အာလူး၊ ကြက်သွန်ဖြူ၊ ငရုတ်၊ ကွမ်း၊ ရွက်စား သီးနှံနှင့် ပန်းမန်သီးနှံများတွင်လည်း မြေဆီလွှာအခြေအနေကောင်းမွန်စေရန် အော်ဂဲနစ် မြေဩဇာများကို အသုံးပြုနိုင်သည်။

ထို့ကြောင့် မြေဆီလွှာပျက်စီးမှုကို လျော့ချပြီး ရေရှည်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကြံမြှုပ်ချေးကဲ့သို့သော အော်ဂဲနစ်ပစ္စည်းများကို စနစ်တကျ ဆွေးမြေ့ပြုပြင်အသုံးပြုခြင်း၊ သီးနှံအလှည့်လှယ်အပ်သည့် အာဟာရဓာတ်များ ဖြည့်တင်းခြင်းနှင့် မြေဆီလွှာကျန်းမာရေးကို ပုံမှန်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်သင့်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း

မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြော

ပြင်ဦးလွင် နိဝင်ဘာ ၂၄

အရက်၊ ကွမ်း၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်(၂)၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဧရာဝတီခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲကို အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး၊ ပြင်ဦးလွင်မြို့နယ် ပညာရေးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေးအသင်းခွဲ (ပြင်ဦးလွင်) တို့ ပူးပေါင်း၍ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။



ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းအေးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေးအသင်းခွဲ (ပြင်ဦးလွင်) အသင်းဥက္ကဋ္ဌ ဦးစိုင်းနိုင်ဝင်းမြင့်က အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေးအသင်းခွဲ (ပြင်ဦးလွင်) မှ ဦးခင်မောင်ထွေးက မူးယစ်ဆေးဝါးဆိုင်ရာ သမိုင်းကြောင်းများကို လည်းကောင်း၊ ဒေါ်အေးအေးဖြိုးက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးနှင့် အန္တရာယ်များကို လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၃၀၀ ကျော်အား အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ မေးခွန်းများကို အပြန်အလှန်မေးမြန်း ဖြေကြားခဲ့ကြပြီး ပါဝင်ဖြေဆိုသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲသည် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အလေ့အထများနှင့် အန္တရာယ်များကို သိရှိနားလည်ပြီး ကြိုတင်ရှောင်ရှားကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

ကျော်မင်းသော်

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန် သစ်ပင်ရံမှ သဏ္ဌာန်လှပ ပန်ဂလိမ့်။

ဝါးခြမ်းကာကျေးရွာ ကုန်ထုတ်လမ်းလုပ်ငန်းအရည်အသွေး ကွင်းဆင်းစစ်ဆေး

တောင်တွင်းကြီး နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် အရည်အသွေး ပြည့်မီစေရေးအတွက် တောင်တွင်းကြီးမြို့နယ်၊ ဝါးခြမ်းကာကျေးရွာ ကုန်ထုတ်လမ်းအား တာဝန်ရှိသူများက နိုဝင်ဘာ ၂၃ ရက်က လုပ်ငန်းအရည်အသွေး စစ်ဆေးခြင်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ တောင်တွင်းကြီးမြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မိုးနှင့် တာဝန်ရှိသူများက တိုင်း၊ ခရိုင်၊ မြို့နယ်မှ အင်ဂျင်နီယာဝန်ထမ်းများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝါးခြမ်းကာကျေးရွာ ကုန်ထုတ်လမ်း၏ ခိုင်မာမှု မြေသားသိပ်သည်းကျစ်လျစ်မှုအခြေအနေအား Dynamic Cone Penetrometer Test နှင့် Sand Cone Test တိုင်းတာစစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်း တာဝန်ခံအား ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများအားလုံး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ် ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တောင်တွင်းကြီးမြို့နယ်၊ ဝါးခြမ်းကာကျေးရွာ ကုန်ထုတ်လမ်း အရှည် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထူ ၂ ပေ ၉ လက်မ မြေသားခင်းခြင်းနှင့် မြေနီကျောက် စရစ်ခင်းခြင်း၊ အဆိုပါကုန်ထုတ်လမ်းပေါ်၌ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၃၄ ဒသမ ၂၅ သန်းဖြင့် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇွန် ၂၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ဒေသထွက်ကုန် သီးနှံများစုံကို ရာသီမရွေး ရွေးကွက်သို့ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

အထွေး(ကျေးလက်)

––*–*–*–*–*





လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းပို့ချ

အောင်လံ နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၌ လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ မွမ်းမံသင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးမြင့်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ဒုတိယဦးစီးမှူး ဦးသန်းစိုးက လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ တိကျစွာ လိုက်နာဆောင်ရွက်စေရေး သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

(အမေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)

မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၂၄

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဌေတော်ကျိုကုန်းရပ်ကွက်တွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းမှ စတင်၍ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါ စစ်ဆေးဆောင်ရွက်ရာတွင် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးသတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဦးစီးဌာန အရေးပေါ်ဖုန်း နံပါတ်များ လိုက်လံကပ်ခြင်းနှင့် 191 Report Application အား ပြည်သူများ၏ လက်ကိုင်ဖုန်းများတွင် ထည့်သွင်းပေးပြီး အသုံးပြုပုံတို့ ရှင်းလင်းပြောပြခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္တေ ၁၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀ ဦးတို့က ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝဂ္ဂ)



ကလေးငယ်များအား ပုံပြင်ပြောပြခြင်းနှင့် ဇာတ်ကောင်ပုံရေးဆွဲခြင်းများ ဆောင်ရွက်

မိုင်းခုတ် နိုဝင်ဘာ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျွန်ုပ်တို့ စာကြည့်တိုက်၊ ကျွန်ုပ်တို့ကမ္ဘာ အမည်ဖြင့် စာကြည့်တိုက်ဆိုင်ရာ လှုပ်ရှားမှု (Library Campaign) များ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ကလေးတိုင်းစာဖတ်သူဖြစ်စေရမည်(Every Child a Reader) အစီအစဉ်ဖြင့် လူထုအခြေပြု ဗဟိုဌာန Community Centre ခန်းမ၌ ကလေးများအား ပုံပြင်ပြောပြခြင်း၊ ပုံပြင်ပါဇာတ်ကောင်များ ပုံဖော်ရေးဆွဲခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစီအစဉ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဇင်မိမိထွန်းက ကျောင်းသား၊ ကျောင်းသူများအား စိတ်ဝင်စားဖွယ်ကောင်းသော ပုံပြင်များကို ပြောပြပေးခဲ့ပြီး ကလေးများက နားထောင်ခဲ့ကြသည့် ပုံပြင်များအတွင်းမှ မိမိနှစ်သက်ရာ ဇာတ်ကောင်များကို စိတ်ကူးဉာဏ်ကွန့်မြူး၍ ပုံဖော်ရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ လှုပ်ရှားမှုများမှ တစ်ဆင့် ကလေးများ၏ စာဖတ်ဝါသနာ၊ နားထောင်နိုင်စွမ်း၊ စိတ်ကူးစိတ်သန်းနှင့် ဖန်တီးနိုင်စွမ်းများ တိုးတက်လာစေရန် အပြင် စာဖတ်ခြင်းကို ငယ်စဉ်ကတည်းက အလေ့အကျင့်ကောင်း တစ်ခုအဖြစ် ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



မသန်စွမ်းသူ ၃၀၀ ဦးအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

မန္တလေး နိုဝင်ဘာ ၂၄

မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ 62 Hotel နှင့် 62 R.O သောက်ရေသန့်စင်သားစုက မသန်စွမ်းသူ ၃၀၀ ဦးအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို နိုဝင်ဘာ ၂၄ ရက်က အဆိုပါဟိုတယ်၌ ကျင်းပခဲ့သည်။

(အောက်ပုံ)

အဆိုပါထောက်ပံ့လှူဒါန်းမှုသို့ မန္တလေးတိုင်းဒေသကြီး မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးစိုင်းအောင်ထက် တက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၃၀၀ ဦးအား မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက် 62 Hotel နှင့် 62 R.O သောက်ရေသန့်ပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က တန်ဆောင်မုန်းလပြည့်နေ့တွင် မသန်စွမ်းသော လူဦးရေ ၃၀၀ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်း၊ ဆန်ငါးပြည်၊ ဆီတစ်ပိသာ၊ ရွှေကျီးမုန့်တစ်ထုပ်၊ အာလူးကြော်တစ်ထုပ်တို့ကို လှူဒါန်းခဲ့ပြီး လှူဒါန်းမှုအစုစုတို့ကို မဟာမြိုင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့် ရာအိမ်မှူးများက ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့.စဉ်-၅)



လူငယ်စာပေကလပ်ဖွဲ့စည်းခြင်းနှင့် စာကြည့်တိုက်အသုံးပြုနည်းမိတ်ဆက်

မြို့သစ် နိုဝင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် 'ကျွန်ုပ်တို့စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာ' My Library My World Campaign အစီအစဉ် လှုပ်ရှားဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ လူငယ်စာပေကလပ်ဖွဲ့စည်းခြင်းနှင့် စာကြည့်တိုက်အသုံးပြုနည်းအား မိတ်ဆက်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိခွန်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန်၊ စာပေဖတ်ရှုသည့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ စာဖတ်စိန်ခေါ်ပွဲများ လစဉ်ပြုလုပ်ပေးနိုင်ရန် ရည်ရွယ်၍ လူငယ်စာပေကလပ်များဖွဲ့စည်းရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်၊ စာပေများ လာရောက် ငှားရမ်းဖတ်ရှုနိုင်ကြောင်း၊ စာကြည့်တိုက်ရှိ သုတ၊ ရသစာအုပ်၊ စာစောင်များကို လွယ်လင့်တကူ ငှားရမ်းဖတ်ရှုနိုင်ရန် စီစဉ်ပေးလျက်ရှိကြောင်းနှင့် စာကြည့်တိုက်အသုံးပြုနည်းအား မိတ်ဆက်ဆောင်ရွက်ပေးရာ တက်ရောက်လာသည့် (UTM) ကိုယ်ပိုင်အထက်တန်းအဆင့်သင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

ဝင်းအိခွန်(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) မှ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ ဆုံးဖြတ်ချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

၁။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)သည် ၁၉၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကိုလိုနီခေတ်လွတ်လပ်ရေးကြိုးပမ်းမှု ကာလများမှစတင်၍ အမျိုးသားရေးစိတ်ဓာတ်အခြေခံ၊ ဘာသာသာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရာတွင် ရှေ့တန်းမှ ဦးဆောင်ပါဝင်ခဲ့သည့် သမိုင်းနောက်ခံအစဉ်အလာကြီးမားခဲ့သော အမျိုးသားရေးအဖွဲ့အစည်းကြီးဖြစ်ပါသည်။ ယခုအခါတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၏ ၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ(၁၉)ရက်နေ့တွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကာကွယ်မှုအတွက် ရှေးရှုပြီး (YMBA) ဗဟို၏လမ်းညွှန်ချက်ခံယူလျက် မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ်မြောက်ပိုင်းအရေးကိစ္စသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန်ရည်ရွယ်ပြီး ဆောင်ရွက်လာခြင်းအပေါ် (လုံး၀) လက်မခံပါကြောင်း။

(ခ) ပြည်ပအဖွဲ့အစည်းအချို့နှင့် မီဒီယာများ၏ နိုင်ငံရေးအရ သွေးထိုးလှုံ့ဆော်မှုများအပေါ် ဂမ်ဘီယာနိုင်ငံအား ကြားခံတရားလိုအဖြစ်အသုံးချပြီး မြန်မာနိုင်ငံအား ကမ္ဘာ့အလယ်တွင် ပုံရိပ်ထိခိုက်လာစေရေး ဖန်တီးပုံဖော်ခြင်းသာဖြစ်၍ (လုံး၀)လက်မခံပါကြောင်း။

(ဂ) ICJ သည် နိုင်ငံတကာဥပဒေဆိုင်ရာ စံနှုန်းများနှင့်အညီ ပကတိအရှိတရားနှင့် သမိုင်းကြောင်းဆိုင်ရာ အထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျကျစိစစ်သုံးသပ်ရမည့် အစား မြန်မာနိုင်ငံ၏ တရား၀င် တိုင်းရင်းသားလူမျိုးစုစာရင်းတွင်မပါဝင်ဘဲ လုပ်ကြံဖန်တီးထားသည့်လူမျိုးအမည်နာမတစ်ရပ်ကို အသိအမှတ်ပြုသုံးနှုန်း၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် တရားစီရင်ရေးဆိုင်ရာ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုတို့ကို မျက်ကွယ်ပြုရာရောက်ရှိနေခြင်းကြောင့် (လုံး၀)လက်မခံပါကြောင်း။

(ဃ) ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့များက မိမိလုံခြုံရေးတပ်စခန်းများအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်မှုများနှင့် ဒေသခံတိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များအပေါ် ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်အမှန်များကို ခိုင်လုံသောသက်သေအထောက်အထားများဖြင့် ICJ တွင် ချေပတင်ပြခဲ့သော်လည်း တရားရုံးကလျစ်လျူရှုခဲ့ခြင်းသည် တရားမျှတမှုကင်းမဲ့သော လုပ်ရပ်ဖြစ်နေခြင်းကြောင့် (လုံး၀)လက်မခံပါကြောင်း။

(င) မြန်မာနိုင်ငံအနေဖြင့် နေရာစွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံနိုင်ရေးအတွက် တစ်ဖက်နိုင်ငံနှင့် သဘောတူညီချက်ရရှိရေး အစဉ်တစိုက်ကြိုးပမ်းညှိနှိုင်းဆောင်ရွက်မှုများရှိနေသော်လည်း မိမိနိုင်ငံအတွင်း တရား၀င်မှတ်ပုံတင်ထားခြင်းမရှိသည့် IIMM နှင့် FFM ကဲ့သို့သော အဖွဲ့အစည်းများ၏ တစ်ဖက်သတ် စွပ်စွဲပြုစုထားသော အချက်အလက်များကိုသာ ကိုးကား၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းသည် ပကတိအခြေအနေမှန်နှင့် ကင်းကွာနေသည့် ဆုံးဖြတ်ချက်များဖြစ်ခြင်းကြောင့် (လုံး၀)လက်မခံပါကြောင်း။

၂။ သို့ဖြစ်ပါ၍ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)အနေဖြင့် နိုင်ငံတကာဥပဒေဆိုင်ရာ တရားမျှတမှုစံနှုန်းများကို အခြေခံခြင်းမရှိဘဲ တစ်ဖက်သတ်နိုင်ငံရေးပယောဂများလွှမ်းမိုးနေသည့် ဘက်လိုက်သောဆုံးဖြတ်ချက်များအား မန္တလေးတိုင်းဒေသကြီးဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)အနေဖြင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)

ပြင်ဦးလွင် မဟာအုံထူးက်သာဘုရားကြီး၌ မသိုးသက်နှံးကပ်လှူပူဇော်ပွဲ ကျင်းပ

ဖြင်ဦးလွင် နိဝင်ဘာ ၂၄

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာရှိ မဟာအုံထူးက်သာဆုတောင်းပြည့် ဘုရားကြီး(ပြည်ချစ်ဘုရား)တွင် တန်ဆောင်မုန်းလပြည့်နေ့အထိမ်းအမှတ် မသိုးသက်နှံးကပ်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဓာတင်ပွဲကို နိဝင်ဘာ ၂၄ ရက်၊ နံနက် ၄ နာရီခွဲမှ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန ဌာနချုပ်မှူး ဗိုလ်ချုပ်ဇော်မင်းဦး၊ ပြင်ဦးလွင်တပ်မှူး ဗိုလ်မှူးချုပ် သန့်လွင်စိုး၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မင်းထက်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားဂေါပကအဖွဲ့ဝင်များနှင့် ဘုရားပူးပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မသိုးသက်နှံးကို ဘုရားကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ပြီး ဆက်ကပ်လှူဒါန်းခဲ့ကြကာ ဩဝါဒါစရိယဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဓာတင်ခြင်းနှင့် ဘုရားကန်တော့ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသူများက ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာယူခြင်းနှင့် လူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ပြုလုပ်ခဲ့ကြပြီး မသိုးသက်နှံးရက်ကန်းအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် သိန်း ၃၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ နံနက်ပိုင်းတွင် ရပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၈၆)၊ ဦးပိုင်အမှတ်(၃၆)၊ ရိပ်ယာ(၀ ဒသမ ၀၂၆၃)ကေ အကျယ်အဝန်းရှိသော လုံကျဉ်ဆေး အမည်ပေါက်ဘိုးဘိုးပိုင် မြေကွက်မှာ (၂-၅-၁၉၈၄)ခုနှစ်တွင် မီးလောင်မြေပြန်လည်နေရာချထားရေးအဖွဲ့မှ ဒေါ်ရွှတီအမည်ဖြင့် ချထားပေးခြင်းခံရသော ဘိုးဘိုးပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ(၁)လုံး(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဒေါ်ခင်တီ(ဘ)ဦးထူး(၉/မရမ(နိုင်)၀၆၀၉၁၀)၊ (၂) ဦးဟုတ်လိုင်(ခ)HOKE LAING@HOKE HLAING (ဘ) ဦး ONE BOON SAN(ခ)ဦးမွန်ဆိန်(၉/ခအစ(ပြု)၀၀၀၄၇၅)၊ (၃) ဒေါ်ခေမခန္ဓာမြင့်(ဘ)ဦးခံမြင့်(၉/မရတ(နိုင်)၁၁၅၀၅၈)၊ (၄) ဒေါ်မေခန္ဓာမြင့်(ဘ)ဦးခံမြင့်(၉/မရတ(နိုင်)၁၁၅၀၅၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဒေါ်ခင်နီနီစိုး (LL.B)

(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)

Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။

ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029

ladylawyer.khinninisoe@gmail.com

အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



မန္တလေး နိဝင်ဘာ ၂၄

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျန်းလုံးဥသျောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ရှေးဟောင်းသမိုင်း၀င် ဦးပွားဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းသိမ်းအောင်ပွဲတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ ညနေပိုင်းက ဦးပွားဘုရားတွင် ကျင်းပပြုလုပ်ရာ ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဦး၊ YMBA မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဒုတိယဥက္ကဋ္ဌ မင်္ဂလာမွေးဓောတိကဓေ ဦးမြင့်ဦးနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စု ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးခင်မောင်ညို၊ ဂေါပက နာယက ဦးတင်မောင်၊ ဆွမ်းဆန်စိမ်းလောင်းလှူကြမည့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒက္ခိဏာရာမဘုရားကြီးတိုက် နယ်ကျေးငှင်းဆရာတော် နိုင်ငံတော်ဗဟိုသံဃမဟာနာယကဆောင် အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒိယာဘိဝံမ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြည်ညိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဘုရားအမှူးရှိသော ဆရာတော်သံဃာတော် ၁၃၅ ပါးတို့အား ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

o-o-o-o-o

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၁၇)၊ မြေဧရိယာ(၁၅×၄၀)ပေမှ (၁၅×၂၅)ပေကို ဖခင် ဦးဝင်းမောင်က မိမိ၏ မိဘများထံမှ အမွေရရှိခဲ့သောငွေကြေးများဖြင့် လွန်ခဲ့သော (၃၀)နှစ်ခန့်က ဇနီးဖြစ်သူ ဒေါ်စံပယ်အမည်ဖြင့် အရပ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်စေခဲ့ပါသည်။ ဦးဝင်းမောင်သည် ဒေါ်စံပယ်နှင့် အိမ်ထောင်ကျပြီး သားသမီးများဖြစ်ကြသည့် ဦးဝင်းမင်းလတ်(ကွယ်လွန်)၊ ဦးထွန်းမင်းလတ်(၉/မဟမ(နိုင်)၀၄၄၈၄၇)၊ ဦးဝင်းနိုင်ထွန်း(၉/မဟမ(နိုင်)၀၅၈၀၀၁)၊ ဦးစိုးနိုင်ထွန်း(၉/မဟမ(နိုင်)၀၆၅၅၂၇)၊ ဦးအောင်ဝင်းထွန်း(၉/မဟမ(နိုင်)၀၆၅၅၂၈)၊ ဦးဟိန်းဝင်းထွန်း(၉/မဟမ(နိုင်)၀၆၅၅၂၉)၊ ဒေါ်ခိုင်နှင်းဆီ(၉/မဟမ(နိုင်)၀၆၅၅၃၀)တို့ကို မွေးဖွားခဲ့ပါသည်။ ယင်းဝယ်ယူခဲ့သည့် မြေပေါ်တွင် အာရံဇီ(၃)ထပ်ခွဲ တိုက်အိမ်ကို ဆောက်လုပ်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါ မြေနှင့်တိုက်အိမ်ကို မိခင် ဒေါ်စံပယ်နှင့် ဦးဝင်းနိုင်ထွန်းတို့က ဦးနေထက်လင်း၊ ဒေါ်နေထက်မိုးတို့အား ရောင်းချရန် သဘောတူညီခဲ့ကြပြီး စရန်ငွေများ လက်ခံရယူထားကာ ယင်းစရန်ငွေများဖြင့် ဦးနေထက်လင်း ပိုင်ဆိုင်သော ရန်မျိုးလုံရပ်ကွက်၊ ၇၁(A)လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ဧရိယာ(၁၄×၂၂)ပေရှိ မြေကိုဝယ်ယူရန် ဒေါ်စံပယ်မှ သဘောတူညီလက်ခံထားပြီးဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိရပါသည်။ အမှန်တကယ် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၁၇)၊ မြေဧရိယာ(၁၅×၄၀)ပေမှ (၁၅×၂၅)ပေပေါ်ရှိ မြေနှင့်အဆောက်အဦသည် ဦးဝင်းမောင်၊ ဒေါ်စံပယ်တို့မိသားစု ပိုင်ဆိုင်သော အမွေပိုင်ပစ္စည်းဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အဦအား ရောင်းချမည်ဆိုပါက မိဘနှစ်ဦး၊ သားသမီးများအားလုံး၏ ခွင့်ပြုချက်၊ သဘောတူညီချက်များဖြင့် အသိသက်သေများရှေ့မှောက်တွင် ရောင်းချရမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေများနှင့် ကျန်မိသားစုဝင်များ၏ လက်မှတ်၊ လက်မွေတစ်စုံတစ်ရာမပါရှိဘဲ ရောင်းချခြင်းသည် ဥပဒေနှင့်မညီသော ရောင်းချခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်စံပယ်၊ ဦးဝင်းနိုင်ထွန်းတို့အနေဖြင့် ကျွန်ုပ်မိတ်ဆွေများနှင့် ကျန်မိသားစုဝင်များ၏ ခွင့်ပြုချက်၊ သဘောတူညီချက်တစ်စုံတစ်ရာမပါရှိဘဲ အဆိုပါမြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူများ-

၁။ ဦးဝင်းမောင်(၉/မရတ(နိုင်)၀၆၉၉၁၆)
၂။ ဦးထွန်းမင်းလတ်(၉/မဟမ(နိုင်)၀၄၄၈၄၇)
၃။ ဦးအောင်ဝင်းထွန်း(၉/မဟမ(နိုင်)၀၆၅၅၂၈)
၄။ ဦးဟိန်းဝင်းထွန်း(၉/မဟမ(နိုင်)၀၆၅၅၂၉)
မောရဂိုဝါရပ်ကွက်၊ မန္တလေးမြို့။

လွှဲအပ်ချက်အရ-

ဦးရာဇာဝင်း၊ ဒေါ်ခင်စန္ဒာဖြိုး
(တရားလွှတ်တော်ရှေ့နေများ)
ဖုန်း ၀၉-၉၇၆၀၄၄၃၀၃၃၊
၀၉-၉၅၀၂၃၆၃၆၃
တောင်ငူလမ်း၊ ပုသိမ်ကြီးမြို့နယ်၊
မန္တလေးမြို့။

အမျှားသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၆)၊ ဦးပိုင်အမှတ်(၃၈-က)၊ ဧရိယာ(၀ ဒသမ ၁၁၃၉)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခေါင်နော(ဘ)ဦးဇယ်ခေါင်(၁/မကန(နိုင်)၀၁၀၃၉၁၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလှဘုန်း (LL.B)
တရားလွှတ်တော်ရှေ့နေ

ဦးရဲဝင်း (LL.B)	ဦးပြည့်ကိုကို (LL.B)	ဒေါ်မြင့်မြင့်အေး (LL.M)	ဒေါ်ချောစု (LL.B)	ဦးဝင်းမောင် (LL.B)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

မန္တလေးမြို့၊ စံအင်ဇင်မြေသာစံမြို့နယ်၊ ပြည်ကြီးရုန်လုံရပ်ကွက်၊ အကွက်အမှတ်(၆၂)၊ ယခင် ဦးပိုင်အမှတ်(၂၈)၊ ယခုဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀ ဒသမ ၀၃၃၄)ဧက အကျယ်အဝန်းရှိသော မြေကွက်မှာ မိုးလေဒဏ်မြေပြန်လည်ခန့ရာရာထားစေးအပွဲ့မှ ဦးထွန်းစေား၊ ဒေါ်တင်ကြည် အမည်ဖြင့် ပြန်လည်ခန့ရာရာထားစေးသောမြေကွက်၏ အခန့ာက်ဘက်ခြမ်းဧရိယာ(၂၀၅၀× ၃၅)ပေ အကျယ်အဝန်းရှိသောမြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရံဇီ(၂)ထပ်ခွဲအဆောက်အဦ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးသန်းကျော်(ဘ)ဦးထွန်းစော(၉/မန္တမ(နိုင်)၀၃၇၅၅၆)၊ (၂) ဒေါ်ခင်ဝင်းကြည်(ဘ)ဦးညီ(၉/မန္တမ(နိုင်)၀၃၇၇၉၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အခုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဒေါ်ခင်နီနီစိုး (LL.B)
(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)
Office - အမှတ်(၁၀၉)၊ လမ်း၈၀၊ ၁၀လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029
ladylawyer.khinninisoe@gmail.com

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(၁၀-၁၀)၊ ဦးပိုင်အမှတ်(၅၁)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော (၈၀၀)ဦးလုပ်စိန်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၇၉၁/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်ကြသော ဦးကျော်လွင်စိုး(၉/ပကခ(နိုင်)၀၀၈၁၀၇)၊ ဒေါ်သွယ်လေးနိုင်(၉/ပကခ(နိုင်)၀၁၅၆၀၉)တို့က အမှုတွဲအမှတ် (၃၅၈၁/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ကက-၅)၊ ဦးပိုင်အမှတ်(၁)၊ ၁၀၁လမ်းနှင့် ၅၆လမ်းထောင့်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ကြည်၏(SP ရရှိသူ ဦးကျော်စိုးမင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၉၉/၂၀၀၂)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်ဝင်း(၉/မကန(နိုင်)၀၅၇၄၂၅)၏ (SP ရရှိသူ ဒေါ်စုဆိုင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၅၈၂/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၇)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးကံထွန်း၏(SP ရရှိသူ ဒေါ်ချောစုခိုင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်(၂၁၀၈/၂၀၁၉)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယွန်းယဖုံဖူး(၉/မဟမ(နိုင်)၀၃၉၆၂၈)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၀၇/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၀)၊ ဦးပိုင်အမှတ်(၇-က)၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ၈၄လမ်းနှင့် ၈၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးမောင်ဟန်၊ ဒေါ်တင်တင်တို့ (၂)ဦးအနက် ဒေါ်တင်တင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၄/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်မွန်းဖြစ်သူ ဦးမောင်ဟန်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၇၈/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သော ဦးစောလင်း(၅/ထခန(နိုင်)၀၀၀၁၅၅)၊ ဒေါ်ခင်မျိုးဌေး(၉/မန္တမ(နိုင်)၀၀၃၃၀၉)တို့က အမှုတွဲအမှတ်(၀၂၅၃/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၇)၊ ဦးပိုင်အမှတ်(၁၄)၊ ၂၆လမ်း၊ ၉၁(စီ)လမ်းနှင့် သင်္ကာချောင်းအရှေ့ဘက်ပတ်လမ်းကြားရှိ ဦးလှမောင်အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၆၉၃/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ချစ်(၉/သပက(နိုင်)၀၁၄၉၂၉)၊ ဒေါ်ခင်မျိုးလွင်(၉/သပက(နိုင်)၀၁၀၆၄၂)၊ ဒေါ်မွန်မွန်ရည်(၉/သပက(နိုင်)၀၃၄၄၇၁)တို့က အမှုတွဲအမှတ်(၃၅၉၄/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၈၂-၄)၊ ဦးပိုင်အမှတ်(၁၈)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်တင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၀၇/၂၀၀၃)ဖြင့် ဝယ်ယူခဲ့သူ ဦးကိုလေးထံမှ အမွေဆက်ခံစာချုပ်အမှတ်(၁၉၀၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးသန်းထွဋ်(၉/မရမ(နိုင်)၀၆၉၈၂၅)က အမှုတွဲအမှတ်(၃၅၉၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၁၁-၂)၊ ဦးပိုင်အမှတ်(၁)၊ ၁၀၂လမ်းနှင့် ၅၉လမ်းထောင့်ရှိ ဦးမြင့်မောင်အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၉၆၆/၂၀၀၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးမင်းသော်ဇင်၊ ဦးစံမင်းထွန်းတို့၏(SP ရရှိသူ ဒေါ်ရီရီအေး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၇၁၀/၂၀၁၁)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်တင့်၏(SP ရရှိသူ ဒေါ်သီသီထွန်း)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၃၈၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖူးနွဲ့ခိုင်(၁၃/လလန(နိုင်)၁၁၄၀၈၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၆၀၄/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးက်ိုနှင့်ပြေမီးပန်းခဲ့ဌာနမှ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ခရီးသွားများဖြင့် စည်ကား

ညောင်ဦး နိဝင်ဘာ ၂၄

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးခရီးသွားပြည်သူများဖြင့် သမိုင်းအထင်ကရဘုရားများတွင် စည်ကားလျက်ရှိသည်။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်မုန်းလပြည့်နေ့တွင် သမိုင်းအထင်ကရ ဘုရားများ၌ ခရီးသွားဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်ကားနေကြောင်း သိရသည်။ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားဘုရားဖူးများပြားခြင်းနှင့်အတူ နေ့ချင်းပြန်ဘုရားဖူးများ၊ မြန်မာပြည်အရပ်ရပ်မှ လာရောက်သည့် ခရီးသွားများ ပြားခြင်းကြောင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုသူ များပြားနေကြောင်း၊ သမိုင်းအထင်ကရ ဘုရားဖြစ်သည့် ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်၊ အလိုတော်ပြည့်၊ မနုဟာ၊ မြစေတီ၊ အာနန္ဒာ၊ သဗ္ဗညူ၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ငှက်ပစ်တောင်၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရားတို့တွင် ခရီးသွားဘုရားဖူးများဖြင့် အထူးစည်ကားနေပြီး ဂူပြောက်ကြီး၊ ဝက်ကြီးအင်းဂူပြောက်ကြီး၊ သိကြားပုန်း၊ သိကြားဟစ်၊ စိမ်းညက်ညီအစ်မ၊ ဝတ္တနတောဘုရားစု၊ ရင်မနားဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ မလုံးဖြစ်၊ မလာဖြစ်ဘုရား၊ အမိုးဖွင့်(ဘုရားခေါ်) ရေတော်မုဇဏီဘုရား၊ ရွှေနန်းရင်တောဘုရားစုတို့တွင်လည်း ပုဂံဘုရားသမိုင်းလေ့လာလိုသူများ နံရံဆေးရေးပန်းချီလေ့လာလိုသူများ၊ ဘုရားများတည်ဆောက်ပုံကို ဗိသုကာပညာရပ်လေ့လာလိုသူများဖြင့် လည်း စည်ကားလျက်ရှိသည်။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ဘုရားဖူးများပြားခြင်းနှင့်အတူ မြင်းလှည်းအငှားလိုက်သူများ၊ မီနီဆိုင်ကား၊ လက်အလှပန်းချီဆွဲသူများ အလုပ်အကိုင်အခွင့်အလမ်းသိရသည်။



ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရား၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးခရီးသွားပြည်သူများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ဒီပါလင်း

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် လပြည့်နေ့ည အပြီးသတ်ယှဉ်ပြိုင်

တောင်ကြီး နိဝင်ဘာ ၂၄

နိဝင်ဘာ ၁၆ ရက်က ဖွင့်ပွဲအခမ်းအနားနှင့်အတူ ကျင်းပခဲ့သည့် တောင်ကြီးတန်ဆောင်တိုင်ရိုးရာမီးပုံးပျံပွဲတော်သည် ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် အပြီးသတ် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

တန်ဆောင်တိုင်မီးပုံးပျံပွဲတော်၏ နောက်ဆုံးညဖြစ်သည့်အပြင် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ ရွှေပွဲလာပရိသတ်များ ပွဲတော်ကျင်းပရာ အဝေးရာမီးပုံးပျံကွင်းအတွင်း လူပင်လယ်ကြီးပမာ စံချိန်တင်အထူးစည်ကားများပြားခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများနှင့် အားပေးသူ ဒေသခံပရိသတ်များကလည်း ပြိုင်ပွဲပြီးဆုံးချိန် နီးကပ်လာသည်နှင့်အမျှ မည်သည့်အသင်းက ဆုတံဆိပ်ရရှိသွားနိုင်မည့်အခြေအနေအပေါ် အထူးရင်ခုန် မျှော်လင့်စောင့်စားလျက်ရှိကြသည်။



ယနေ့ပြိုင်ပွဲအပြီးသတ်နေ့ နေ့လွှတ်မီးပုံးပျံအရုပ်ပြိုင်ပွဲတွင် ဟသံ၁၊ ငှက်ဘီလူး၊ အောက်ချင်း၊ ဆက်ရက်၊ ငှက်နီ၊ ကြက်ဖ၊ ကွန်ဂိုငှက်၊ ငှက်မင်းသား၊ ကြက်တူရွေး၊ ဟွန်းငါး၊ ခေါင်းမင်းသား၊ ကတ္တဝါ၊ ခို၊ ရစ်ငှက်၊ ခေါင်းသုံးလုံးငန်း၊ ဝတ်ရည်စုပ်ငန်း၊ ဆာဖာကြက်တူရွေး၊ ဒေါင်း၊ တိုက်ကြက်ဖ၊ အိန္ဒိယမြင်း၊ နွားလားဥသဖ၊ ပန်ဒါ၊ ကြွှဲခြေသို့၊ ဖား၊ တောင်ဆိတ်၊ မိကျောင်း၊ ကာတွန်းနဂါး၊ ရှဉ်ငပေါ၊ ဆင်၊ ပုရွက်ဆိတ်စားဝက်သုံးကောင်၊ ဝက်ဝံသုံးကောင်၊ မြင်းကျားသုံးကောင်၊ ဘုတ်ကလုံသုံးကောင်အပါအဝင် စုစုပေါင်းသဘာဝရုပ်လုံး ၄၄ ကောင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ညလွှတ်စိန်နားပန်းမီးပုံးပျံပြိုင်ပွဲတွင် KBZ Group၊ နှင်းစက်၊ ရွှေကွေး၊ ဇွဲလှငယ်၊ သုံးရာသီကဖေးနှင့် ညလွှတ်ညမီးကြိုးပြိုင်ပွဲတွင် ရွှေဇုန်၊ လွိုင်ခမ်း၊ A to Z၊ EFF Gas၊ KBZ Group၊ ထက်လူ၊ မြို့စား၊ သြခနှင့် နောင်မွန်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

"ဒီနေ့မီးပုံးပျံပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်တဲ့အတွက် အားပေးကြည့်ရှုသူ အထူးများပြားနေပါတယ်။ မနက်ဖြန်မနက်မှာ ပြိုင်ပွဲအမှတ်တွေ ပေါင်းပြီး ညနေပိုင်းမှာ ဆုချီးမြှင့်သွားမှာပါ။ နေ့လွှတ်၊ ညလွှတ်ယှဉ်ပြိုင်မှုတိုးတက်လာတဲ့အတွက် ဘယ်အသင်းဆုရမယ်ဆိုတာ ခိုင်ခြောက်ခုရဲ့ အမှတ်ရရှိမှုအပေါ်မှာ မူတည်ပါတယ်။ ဒီနေ့မနက်မှာ နေ့လွှတ်အရုပ် ၄၄ လုံးနဲ့ ညပိုင်းမှာ စိန်နားပန်း၁၊ လုံး၊ ညမီးကြိုးကိုးလုံးပြိုင်သွားမှာပါ"ဟု မီးပုံးပျံပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်ဝင်း(ပန်းချီ)က ပြောသည်။

၂၀၂၆ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ရိုးရာမီးပုံးပျံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ညနေပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

"ရွှေဇုန်ညမီးကြိုးအနေနဲ့ မီးပုံးပျံစတင်ပြိုင်တဲ့ ၂၀၂၄ ခုနှစ်မှာ ပထမဆုရခဲ့ပြီး ၂၀၂၅ ခုနှစ်မှာ တတိယဆုရခဲ့ပါတယ်။ ဒီနှစ်မှာ ပထမဆုရမယ်လို့ မှန်းထားပြီး ရင်ခုန်နေပါတယ်။ အားလုံးကြိုးစားထားပြီး အားထည့်ထားပါတယ်။ ပြိုင်ပွဲမှာ စည်းကမ်းသတ်မှတ်ချက်ဝင်တဲ့ မီးပုံးပျံငါးလုံး တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့လည်းကြိုးစားထားတာကြောင့် ယနေ့ည ပထမဆုံးလွှတ်မယ့်ပွဲမှာ ကြည့်ရအောင်ပါ" ဟု အေးသာယာစက်မှုဇုန် ရွှေဇုန်မီးပုံးပျံကြိုးကြပ်သူ ဦးမင်းသော်က ပြောသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် မြစိမ်းတောင်ပေါ်ရှိ ရွှေဘုန်းပွင့်စေတီတော်၊ သစ်တောရပ်ကွက်ရှိ စူဠာမဏိစေတီတော်မြတ်တို့တွင် စုပေါင်းမဟာဘုံကထိန်ဆက်ကပ်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော်ပွဲကျင်းပခြင်း၊ ဘုရား၊ စေတီနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် ကုသိုလ်ပြုသူတို့ဖြင့် စည်ကားများပြားခဲ့ပြီး မီးပုံးပျံပြိုင်ပွဲကျင်းပနေသည့် အဝေးရာကုန်းသာယာကွင်းတွင်လည်း MSMEs ဆိုင်ခန်းများ၊ ရောင်းကုန်မျိုးစုံဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ ချူးရဟတ်များနှင့် စင်တင်တေးဂီတတို့တွင် ရောင်စုံမီးတို့ဖြင့် လပြည့်ဝန်းနှင့်အတူ လှပလျက်ရှိသည်။

ကိုထွေး - သစ္စာ
ဓာတ်ပုံ - ဇွဲမာန်